ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (23-6-2008) (၅၇၁၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မင်္ဂလာဒုံစက်မှုဇုန်ရှိ မှန်ဘီလူးအမျိုးမျိုး ထုတ်လုပ်သည့်စက်ရုံနှင့် ရွှေပြည်သာ သစ်အခြေခံစက်မှုဇုန်ရှိ သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co., Ltd. သို့ ရောက်ရှိပြီး ကုမ္ပဏီ၏ မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မင်္ဂလာဒုံစက်မှုဇုန်တည်နေရာနှင့် အကျယ်အဝန်း၊ မင်္ဂလာဒုံစက်မှုဇုန်ရှိ စက်ရုံများနှင့် စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံထားမှုများ၊ စက်ရုံအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ မင်္ဂလာဒုံစက်မှုဇုန် တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မင်္ဂလာဒုံစက်မှုဇုန်ရှိ စက်ရုံများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် Myanmar Asia Optical International Co.,Ltd. ဒါရိုက်တာ Mr. Wiseman Hsu က ကုမ္ပဏီ စတင်ဖွဲ့စည်းတည်ထောင်ခဲ့မှု၊ မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်သည့် ကုမ္ပဏီ၏စက်ရုံကို တည်ဆောက်ပြီးနောက် ၁-၇-၂၀၀၄ ရက်မှစတင်၍ မှန်ဘီလူးအမျိုးမျိုး **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co., Ltd. ၏ မှန်ဘီလူးအမျိုးမျိုး ထုတ်လုပ်သည့်စက်ရုံတွင် မှန်ဘီလူးအမျိုးမျိုး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror မျက်မြင်ဒိဋ္ဌ တွေ့မြင်ရ၍ အခြေအနေမှန်ကို သိရှိယုံကြည်လက်ခံ

လေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ရောက်ရှိခဲ့ကြသည့် နိုင်ငံတကာမှ ဆရာဝန်များ၊ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် သံတမန်များကတော့ "Seeing is believing" မျက်မြင်ဒိဋ္ဌ တွေ့မြင်ရ၍ အခြေအနေမှန်ကို သိရှိယုံကြည် လက်ခံသွားကြလေပြီ။

လှိုင်အောင်၏ **"သူတို့ သိသွားကြလေပြီ"** (ဆောင်းပါး) စာမျက်နှာ- ၆၊၇

အခြေခံပညာမူလတန်းကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိ

ရန်ကုန် ဇွန် ၂၂

လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာအုပ်စုရှိ သယ်န်းလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ဇွန် ၁၂ ရက်တွင်လည်းကောင်း၊ ဉယျာဉ်ကုန်းကျေးရွာနှင့် ဆင်ခြေရာကျေးရွာတို့၌ အခြေခံပညာမူလတန်းကျောင်းများကို ဇွန် ၁၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ စတင်

ရန်ကုန် ဇွန် ၂၂

လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာအုပ်စုရှိ တောင်သူများသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မျိုးစပါးတင်း ၉၀၀၊ လက်တွန်းထွန်စက် ၁၅ စီးကို ဖြန့်ဝေပေးပြီးဖြစ်ရာ စိုက်ဧက ၂၀၁၀ ၌ တောင်သူများ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြေးမုံ
The Mirror
၂၃-၆-၂၀၀၈
(တနင်္လာနေ့)

အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေး သဘာဝအစားအစာများ မျှမျှတတစားသုံး

လူတိုင်း လူတိုင်း အသက်ရှည်ကျန်းမာ ကြံ့ခိုင်ရန်လိုအပ်သည့်အတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို ဂရုပြုလိုက်နာကြပြီး စနစ်တကျ နေထိုင်စားသောက်ကြရမည်ဖြစ်သည်။

လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်ထဲရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များ လိုအပ်သည်။ နေ့စဉ်လှုပ်ရှားသွားလာရန်အတွက် လိုအပ်သောစွမ်းအင်ကို အောက်စီဂျင်နှင့် ခန္ဓာကိုယ်တွင်းရှိ ဂလူးကိုစ့်တို့ ထိတွေ့ဓာတ်တိုးပြီးမှရရှိသည်။

ခန္ဓာကိုယ်အတွင်းရှိ ဓာတ်တိုးပစ္စည်း(Antioxidant)များသည် ရောဂါပိုးများကို တိုက်ဖျက်နိုင်ပြီး သွေးလှည့်ပတ်မှု မှန်ကန်ကောင်းမွန်စေသဖြင့် လူအများအပြားက ဓာတ်တိုးပစ္စည်းများရရှိစေရန် ဖန်တီးပြုလုပ်ထားသော အားဆေးများကို ဖြည့်စွက်စားသုံးလာကြောင်း တွေ့ရသည်။ သို့သော် ဓာတ်တိုးပစ္စည်းများ ပုံမှန်ထက်ပို၍ ထွက်ရှိပါက ဆဲလ်အတွင်းရှိDNA ကိုပျက်စီးစေသည့်အပြင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ အဆစ်အမြစ်ရောင်၊ သတိမေ့၊ ကင်ဆာရောဂါအမျိုးမျိုးနှင့် အိုမင်းရင့်ရော်ခြင်းတို့လည်း ဖြစ်စေနိုင်သည်။

သဘာဝအစားအစာများမှ ရရှိသောဗီတာမင်များ၊ သတ္တုဓာတ်များသည် ဓာတ်တိုးကာကွယ်နိုင်သော အာနိသင် အပြည့်အဝပေးနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိပေ။ ရှောက်သီး၊ လိမ္မော်သီး၊ ကျွဲကောသီး၊ ဆီးဖြူသီး စသည်တို့သည် ဗီတာမင်စီဓာတ်ပါဝင်ပြီး ပဲအမျိုးမျိုး၊ ပြောင်းဖူး၊ ဂျုံ၊ ဆန်လုံးညိုတို့သည် ဗီတာမင်ဘီကြွယ်ဝသည်။

ထို့အတူ နွားနို့၊ ကြက်ဥ၊ အသားငါး၊ ဟင်းသီးဟင်းရွက်မျိုးစုံ၊ မြေပဲဆီ၊ နေကြာဆီနှင့် ဟင်းသီးဟင်းရွက်ဆီများသည်လည်း ဗီတာမင်အီး ကြွယ်ဝကြောင်းသိရသည်။ ထို့အပြင် နံနက်ပိုင်း၌ ၁၅ မိနစ်ခန့် နေပူဆာလှုံခြင်းဖြင့် ကိုယ်ခန္ဓာအတွက်လိုအပ်သော ဗီတာမင်ဒီ ရရှိစေသည်။ ဗီတာမင်ဒီလုံလောက်စွာရရှိခြင်းဖြင့် နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့် သွားဖုံးရောဂါဖြစ်ပွားမှုတို့ကို ကာကွယ်တားဆီးပေးနိုင်သည်။

ပြည်သူများအနေဖြင့် ဖန်တီးပြုလုပ်ထားသော ဓာတ်တိုးကာကွယ်ပစ္စည်းများကို ရှောင်ရှား၍ သန့်ရှင်းလတ်ဆတ်သည့်သစ်သီး၊ ဟင်းသီးဟင်းရွက်နှင့် သဘာဝအစားအစာမျိုးစုံကို မျှမျှတတ စနစ်တကျ စားသုံးကြခြင်းဖြင့် လူတိုင်း လူတိုင်း နုပျိုရွှင်လန်းကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မေတ္တာဝါဒီဟာသ်ာတ ပရဟိတကျောင်းရှိ မိဘမဲ့ကလေးသူငယ်များအတွက် လိုအပ်သည်များ အသုံးပြုနိုင်ရန် အလှူငွေကျပ် ခုနစ်သိန်းကို ပဓာန နာယကဆရာတော် ဦးသီလာနန္ဒသို့ စမ်းချောင်းမြို့နယ် မြောက်စီရင် သက်သတ်လွတ်ဘုရားကျောင်းမှ အလှူရှင်တစ်ဦးက ဇွန် ၁၂ ရက်က လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ကိုရီးယား လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေး ကြေးကြိုးများ လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ကိုရီးယား လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (KEPCO)တို့မှ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သော လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် Electrical Wire 60 mm² ကြေးကြိုးများ လာရောက်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Park Key-Chong၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)နှင့်ကိုရီးယားလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း(KEPCO)မှ Director General Mr.Hwang Jong Young နှင့်အဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပေးအပ်လှူဒါန်းခဲ့သော Electrical Wire 60 mm² ကြေးကြိုးများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ကိုရီးယား လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (KEPCO)မှ Director General တို့က လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က လက်ခံပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်ထံ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် လှူဒါန်းပေးအပ်ခဲ့သော ကြေးကြိုးများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr.Park Key-Chong နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) နှင့် ကိုရီးယားလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း(KEPCO)မှ Director General Mr.Hwang Jong Young တို့က လွှဲပြောင်းပေးအပ်စဉ်။ (အမှတ်-၂-လျှပ်စစ်)

၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ နေပြည်တော် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ရွာတော်)၌ ကျင်းပသည်။

အဆိုပါ ပိုစတာပြိုင်ပွဲသို့ ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

(အောက်ဝဲပုံ)

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၏ဆောင်ပုဒ်မှာ IT's A RIGHT, LET's MAKE IT REAL **"မိသားစု ဘဝသာယာရေး မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေး"**ဖြစ်ပြီး ပြိုင်ပွဲတွင် အသက်(၆)နှစ်မှ(၈)နှစ်ထိ၊ အသက်(၉)နှစ်မှ(၁၂)နှစ်ထိ၊ အသက်(၁၃)နှစ်မှ (၁၅)နှစ်ထိ၊ အသက်(၁၆)နှစ်မှ (၁၈)နှစ်ထိ အုပ်စုအဆင့်များခွဲ၍ပြိုင်ပွဲကို ကျင်းပရာ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၃၃ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ပိုစတာပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းများရှိ သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြောင်း သိရသည်။ (သတင်းစဉ်)

အင်းလေးကန် သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ ရေသန့်၊ မီလ္လာသန့်စနစ်အသုံးပြု စံပြကျေးရွာဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်

ရန်ကုန် ဇွန် ၂၂

အင်းလေးကန် သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ သုံးရေသန့်နှင့် မိလ္လာစနစ်အသုံးပြု စံပြကျေးရွာဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ညောင်ရွှေမြို့နယ် ကျေးစား(မြောက်)ရွာ အင်းလေးကန်ရေပြင်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး၊ ပြည်နယ်/ ခရိုင်/ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြပြီး ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးတင်ချိုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက သုံးရေသန့်နှင့် မိလ္လာသန့်စနစ် တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်အခြေခံပညာ အထက်တန်း ကျောင်းခန်းမ၌ တွေ့ဆုံပွဲကျင်းပရာ တာဝန်ရှိသူများက သုံးရေသန့် ပေးဝေမှုအခြေအနေ၊ မိလ္လာစနစ်အသုံးပြုရခြင်းအကြောင်း၊ ဇီဝဩဇာသုံး ဖိုက်ဘာကွန်ကရစ် မိလ္လာပုံး ပြုလုပ်ပုံ၊ မိလ္လာကန်သန့်အနံ့ဆိုးပျောက် ဇီဝဩဇာဆေးနှင့်ဇီဝသဘာဝ အနံ့ဆိုးပျောက် ပိုးမွှားကင်းစင်ဆေး ထုတ်လုပ်ပုံနှင့် အသုံးပြုပုံ၊ အင်းလေးကန်ရေပြင်သန့်ရှင်းစင်ကြယ်ရေး၊ဓာတုဇီဝဓာတ်မြေဩဇာများအစားသဘာဝမြေဆွေး၊ မြေဩဇာပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ ထုတ်လုပ်အသုံးပြုမှုဆိုင်ရာများကို တောင်သူများသို့ အသိပညာပေး ဟောပြောတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက အင်းလေးဒေသ၊ ရေပေါ်ကျေးရွာ ၃၀တို့တွင်လည်း ဇီဝဩဇာသုံးဖိုင်ဘာ မိလ္လာအိုးများ အသုံးပြုနိုင်ရေးအတွက် လှူဒါန်းပေးအပ်ရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံကြသည်။

အဆိုပါစံပြကျေးရွာတွင်အင်းလေးဒေသ၏ အဓိကလိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရွာအနောက်မြောက်ဘက်ရှိ စိမ့်စမ်းရေထွက်မှုရေကို အရှည်ပေ ၇၅၀၀ရှိ ရေပိုက်ဖြင့် ရေသွယ်တန်း ရယူကာ ရေပေါ်ရေဘုံပိုင်များဖြင့် သုံးရေသန့်များရရှိအောင် စီမံပေးထားပြီး အင်းရေပြင်ညစ်ညမ်းမှု မရှိစေရေးအတွက် မိလ္လာစွန့်ပစ်မှုကို ဖိုက်ဘာကွန်ကရစ် မိလ္လာအိုးများနှင့် မိလ္လာကန်သန့် အနံ့ဆိုးပျောက် ဇီဝဩဇာဆေးများအသုံးပြုသည့် စံပြကျေးရွာအဖြစ် ထူထောင်ခြင်းဖြစ်သည်။ ဇီဝဩဇာဆေးကို အသုံးပြုခြင်းကြောင့် မိလ္လာအနံ့ဆိုးများ ပပျောက်စေပြီး ကူးစက်ရောဂါမဖြစ်ပေါ်ဘဲ ရေဆိုးမှ ရေကောင်းအဖြစ် ပြောင်းလဲသွားကြောင်း သိရှိရသည်။

အဆိုပါ စံပြကျေးရွာ၌ အိမ်ခြေ ၃၃၁လုံးရှိပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားမှုဖြင့် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွယ်တန်းပေးထားသော စိမ့်စမ်းရေသွယ်စနစ် ရေပိုက်များမှတစ်ဆင့် သုံးရေသန့် ရရှိကြပြီး အိမ်ခြေ ၄၀ တွင် ဇီဝဩဇာသုံးဖိုင်ဘာမိလ္လာအိုးများ အသုံးပြုလျက်ရှိကာ ကျန်အိမ်များ၌လည်း ဆက်လက် တပ်ဆင်မည်ဖြစ်သည်။ ကျန်ရေပေါ် ကျေးရွာများ၌လည်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး အင်းလေးကန် သဘာဝဝန်းကျင် ထိန်းသိမ်းရေး၊ ရေသန့်နှင့် မိလ္လာသန့်စနစ်အသုံးပြု စံပြကျေးရွာ ဖွင့်ပွဲ အခမ်းအနားတွင် အင်းလေးဒေသ ရေပေါ်ကျေးရွာ ၃၀ သို့ ဇီဝဩဇာ သုံး ဖိုင်ဘာမိလ္လာအိုးများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး၏ ထီးတော်ပြုပြင်မွမ်းမံရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး ဒေါ်သိန်းတင်လမ်းနေ ဦးမောင်မောင်-ဒေါ်သန်းသန်းတို့အား ရည်စူး၍ သားသမီးများ ဖြစ်ကြသည့် ဦးမြင့်ဦး-ဒေါက်တာ ခင်မျိုးသင့်၊ ဦးစောရန်နောင်၊ မြေးမောင်ဖြိုးဇော်ဦးနှင့် မိုမိုမိသားစုက အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့် ဦးထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

မိုးကုတ်ဝိပဿနာတရားသင်တန်း

ရန်ကုန် ဇွန် ၂၂

ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ရှိ ပခုက္ကူမွှာရုံကြီး၌ (၂၆)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း ဖွင့်လှစ်မည်ဖြစ်ရာ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဇွန် ၂၅ရက်မှ ၂၉ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၄ နာရီအထိဟောပြောပို့ချမည်ဖြစ်၍ မည်သူမဆိုတက်ရောက် နာယူနိုင်ကြောင်း သိရသည်။

(က-ပ)

ဒုတိယအကြိမ် ပညာဒါနဖွင့်လှစ်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်းဗိုလ်ချုပ်လမ်းသီရိဇေယျာ (ကသစ်ကုန်း) ကျောင်းတိုက်၌ အရွယ်ရောက်သူတိုင်း အထက်တန်းပညာ သင်ကြားနိုင်ရေးကို ရှေးရှု၍ ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာရ ဦးဆောင်ပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဖြေဆိုကြမည့် ကျောင်းသား၊ကျောင်းသူများအားဒုတိယအကြိမ် အခမဲ့ပညာဒါနကို ဇွန် ၂၆ ရက်တွင် စတင်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

တက်ရောက် သင်ကြားလိုသူများ အဆိုပါကျောင်းတိုက်၌စာရင်းပေးသွင်းပြီး တက်ရောက် ပညာသင်ကြားနိုင်သည်။ သင်ထောက်ကူမှတ်စု စာရွက် စာတမ်း စာရေးကိရိယာများကို ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ကန်ကြီးပိုင်း ဗိုလ်ချုပ်လမ်း သီရိဇေယျာ (ကသစ်ကုန်း)ကျောင်းတိုက် ပညာဒါန ဆရာတော်ထံသို့ ပေးအပ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(က-ပ)

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် ဇွန် ၂၂

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများကို ဆက်လက် လှူဒါန်းလျက်ရှိကြရာ ဇွန် ၂၁ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

အဆိုပါ အလှူရှင်များမှာ Young Young Moi Spring Energy SDN BHD Malaysia (Seremban Quarry)ကငွေကျပ်၁၇၅၀၀ ၊ဒုတိယ ဗိုလ်မှူးကြီးမောင်မြင့်(ငြိမ်း)၊ သားကျော်ဇေယျာမြင့်၊ သမီး ခိုင်စန္ဒာမြင့် မိသားစု၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(မုံရွာ)က ငွေကျပ် ၁၃၀၀၀၀၊ နီပေါနိုင်ငံ အစိုးရက အမေရိကန်ဒေါ်လာ ၄၀၀၀၀၊ သီရိလင်္ကာနိုင်ငံ အစိုးရကအမေရိကန်ဒေါ်လာ၂၅၀၀၀၊ Mr. Masataka Shiratori, Governor, Rotary International District 2790 ကအမေရိကန်ဒေါ်လာ ၇၅၀၀နှင့်၊ သီရိလင်္ကာကြက်ခြေနီအဖွဲ့က ယူရိုငွေ ၄၀၀၀ တို့ဖြစ်သည်။

ဇွန် ၂၁ရက်တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာငွေကျပ်၁၄၇၅၀၀၊ အမေရိကန်ဒေါ်လာ ၇၂၅၀၀ နှင့် ယူရိုငွေ ၄၀၀၀တို့ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အစည်းအဝေး တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Asian Institute of Technology (AIT) တွင် ဇွန် ၁၈ရက် မှ ၂၂ရက်အထိ ကျင်းပသော သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် နည်းပညာဆိုင်ရာ အစည်းအဝေးပွဲသို့ တက်ရောက်ရန်နှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့သောဒေသများ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လေ့လာရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဦးလင်း၊ ဦးဟန်ဇော်၊ ဘဏ္ဍာရေးမှူး ဦးကိုကိုကြီး၊ ဗဟိုကော်မတီဝင်ဦးစောထွေးဇော်၊လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးညွန့်ဦးနှင့်မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးသန်းတင်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးဆန်းဦးတို့သည် ဇွန်၁၈ ရက်နံနက်ပိုင်းတွင်ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာသွားသည်။

ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့်အဖွဲ့အား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဗဟိုကော်မတီဝင်များ ဖြစ်ကြသော ဦးသန်းထွန်းအောင်၊ ဦးအောင်မျိုးမင်းနှင့်မိသားစုများကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၂

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်း ၃၄ တန်နှင့် အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၂ ဒသမ ၄ တန်တို့သည် ဇွန် ၂၁ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြသည်။ (သတင်းစဉ်)

ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေး ဆရာမများ အခြေခံသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၂၂

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း လူမှုဝန်ထမ်းရုံးက ကြီးမှူး၍ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး Early Childhood Care and Development (ECCD)ဆရာမများ အခြေခံသင်တန်းကို ဇွန် ၂၇ရက်မှ ဩဂုတ်၁၀ ရက်အထိ အပတ်စဉ်(သောကြာ၊စနေ၊တနင်္ဂနွေ)နေ့များတွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည်ရန်ကုန်တိုင်းလူမှုဝန်ထမ်းရုံးအမှတ်(၂၄၇/၂၆၉) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် (ဗာဒံပင်မှတ်တိုင်အနီး) ဖုန်း ၅၅၂၉၅၇၊ ၅၅၂၉၂၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် ကြားတောရရပ်ကွက်ရှိ မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းဘုရားကြီးသို့ နှစ်ဖက်သောမိဘများအား အမှူးထား၍ ရာမညသား သင်္ကန်းပရိက္ခရာတိုက်မှ မင်းဉာဏ်ထွန်းအောင်-မခင်နှင်းခိုင်၊ သားကြီး မောင်ဇော်လင်းဌေး၊ သားငယ် မောင်ပြည့်ဘုန်းထက်နှင့် ခုနစ်ရက်သားသမီးများက ငွေကျပ် ၆၆၀၀၀၀တန်ဖိုးရှိ သောက်ရေသန့် စတီးတိုင်ကီတစ်လုံး လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့်အဖွဲ့ လက်ခံယူစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများ ပြန်လည်ထူထောင်မှုမြင်ကွင်း

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့ "အသင့်" ရေယာဉ်ဆိပ် ရောက်တော့ နံနက် ၅နာရီ မိနစ် ၃၀။ အသင့်ရေယာဉ်ဆိပ်၌ တပ်မတော် အရာရှိများ၊ အကြပ်၊ စစ်သည်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကား အလုပ်များလျက်ရှိနေကြသည်။ သင်္ဘောပေါ်သို့ ကုန်ပစ္စည်းများ တင်နေသူများ၊ စက်လှေဖြင့် လေဘေးသင့်ခံရသည့် ကျေးရွာများသို့ ပြန်လည်ထူထောင်ရေးသွားရောက်လုပ်ဆောင်ကြမည့်အဖွဲ့များနှင့် လှုပ်လှုပ်ရှားရှား ရှိနေသည်။ ယနေ့ ခရီးစဉ်မှာ မော်လမြိုင်ကျွန်းမြို့နယ် အတွင်း လေဘေးဒဏ် ဆိုးရွားစွာ ခံစားခဲ့ရသည့်ငွေဇင်ယော်ဖြင့်ငါးတန်တစ်ရာ ကျေးရွာများသို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က လိုက်လံဖြန့်ဝေပေးမည့် ခရီးစဉ် ဖြစ်သည်။

ပျိုးကြဲစိုက်ပျိုးတော့မှာပါ။
မသူဇာ
(ငွေဇင်ယော်ကျေးရွာ)

ခရီးသည်တင်စက်လှေများနှင့် ကုန်တင်စက်လှေများ မြစ်ကြောင်းတစ်လျှောက် သွားလာနေကြသည်ကို တွေ့ရစဉ်။

ဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ လိုက်ပါလာသောရွှေငွေးမြင့်သင်္ဘောသည် မော်လမြိုင်ကျွန်းမြို့မှ နံနက်စောစော ထွက်ခွာလာခဲ့သည်။ မြစ်ကမ်းဝဲ၊ ယာတွင် လယ်ယာလုပ်ငန်း ခွင်ဝင်ရောက်နေသည့် မြင်ကွင်းများ၊ မြစ်အတွင်း ငါးပိုက်ချနေသော ရေလုပ်သားများ၊ ခရီးသည်နှင့်ကုန်တင်ရေယာဉ်များကို တွေ့ရသည်။ သင်္ဘောလက်ရန်းကို ကိုင်ကာ ပတ်ဝန်းကျင်မြင်ကွင်းကို လေ့လာကြည့်ရှုနေစဉ် မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် ရောက်လာပြီး လေဘေးသင့်ခံရပြီးနောက် မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြောပြလေသည်။

"မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်အောင်တခြားမြို့နယ်တွေက အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူး ခုနစ်ဦးကို အင်အားဖြည့် ခေါ်ယူပြီးကျေးရွာအုပ်စုတွေအလိုက် ခွဲပြီး တာဝန်ယူ လုပ်ကိုင်နေပါတယ်။ ဒါမှ ပြန်လည်ထူထောင်ရေး လုပ်တဲ့အခါ ကျေးရွာ တစ်ရွာချင်း အလိုက် နီးနီးကပ်ကပ် ကြီးကြပ်နိုင်မှာ ဖြစ်လို့ပါပဲ။ နောက်ပြီး ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ကယ်ဆယ်ရေး စခန်းက နေရပ်ပြန်သွားကြတဲ့ မိသားစုတွေနဲ့ ကျေးရွာမှာ ကျန်ရှိနေထိုင်နေကြတဲ့ မိသားစုတွေကို စနစ်တကျ စစ်ဆေးပြီး ခြောက်လစာအတွက် စားနပ်ရိက္ခာအဆင်ပြေအောင်လည်း စီစဉ် ဆောင်ရွက်နေပါတယ်" ဟု ဦးအောင်ကျော်ခိုင်က ပြောပြသည်။

မှန်ပေသည်။ မြစ်ကမ်းနံဘေးရှိ အောင်လှိုင်အဝရွာနှင့် မြင်းကကုန်းရွာကို သင်္ဘောပေါ်မှ လှမ်းကြည့်ရာ အိမ်များအတွင်း ဆန်အိတ်ပိုင်းအချို့ကို တွေ့ရှိရပေသည်။ တချို့က နံနက်စာ ချက်ပြုတ်နေကြသလို တချို့က လယ်ယာလုပ်ငန်းခွင် ဝင်နေကြသည်ကို တွေ့ရသည်။ ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာစသည့် ရိက္ခာများကို မိသားစု တစ်စုချင်းအလိုက် အပတ်စဉ်စနစ်တကျ ဝေငှပေးလျက်ရှိကြောင်း ကျေးရွာများသို့ လေ့လာရေး သွားရောက်ခဲ့စဉ်က တွေ့မြင်ခဲ့ရသည်။

"တောင်လူလယ်သမားတွေအတွက် တစ်ဧကကို မျိုးစပါး နှစ်တင်းနှုန်း ရရှိအောင်လည်း ဆောင်ရွက်ပေးနေပါတယ်။ လေဘေးဒဏ်ခံရပြီး ရေနစ်မြုပ်မှု ရှိ၊ မရှိကိုတော့ စနစ်တကျ စစ်ဆေးပြီး ဖြည့်ဆည်းပေးနေပါပြီ။ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းမှာ လေဘေးဒဏ်ခံရတဲ့ လယ်ဧကပေါင်း ၆၂၀၆၁ ဧက ရှိပါတယ်။ မျိုးစပါး လိုအပ်တဲ့ ဧကကတော့ ၄၉၇၂၂ ဧက ဖြစ်တာမို့ မျိုးစပါး တင်းပေါင်း ၉၉၄၄၄ တင်း ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။ ဒီနေ့အထိ တောင်သူလယ်သမားတွေကို ပထမအကြိမ် မျိုးစပါးတင်းပေါင်း ၁၇၆၄၄တင်း ဖြန့်ဝေပေးခဲ့ပြီး အခုမျိုးစပါး တင်းပေါင်း ၃၀၀၀၀ ကို ထပ်မံပေးလျက် ရှိနေပါတယ်။ လိုအပ်တဲ့ မျိုးစပါးတွေကို ဆက်တိုက် ဖြန့်ဖြူးဖို့ ဆောင်ရွက်နေပါတယ်" ဟုလည်း ဦးအောင်ကျော်ခိုင်က ရှင်းပြသည်။

သင်္ဘောပေါ်မှ မြစ်ကမ်း ဝဲ၊ ယာ တစ်လျှောက်တွင် စိမ်းစိုနေသော ပျိုးခင်းများကို မပြတ်တမ်း မြင်တွေ့ရသည်။ ဂုံညင်းတန်းနှင့် ကျူလတာကျေးရွာ ဝန်းကျင်တွင် ကျွဲနွားများ အပြင် လက်တွန်း ထွန်စက်များဖြင့် ထွန်ယက်နေသည်ကို တွေ့ရသည်။ လက်တွန်း ထွန်စက်ပေါင်း ၁၉၁ စီး ဖြန့်ဝေပေးမည်ဖြစ်ရာ ယခုအချိန်အထိ ၁၄၇စီး ဖြန့်ဝေပေးနိုင်ခဲ့သဖြင့် ကျေးရွာများတွင် လက်တွန်းထွန်စက်များအသုံးပြု ထွန်ယက်နေကြသည်ကို မြင်တွေ့နေရခြင်း ဖြစ်သည်။ ထို့အပြင် ကျွဲကောင်ရေ၆၀ကိုလည်း အမှန်တကယ်လိုအပ်သော တောင်သူများအား ဖြန့်ဝေလျက်ရှိရာ အချို့လယ်မြေများ၌ ကျွဲများဖြင့် ထွန်ယက်နေကြသည်ကို လှမ်းမြင်ခဲ့ရသည်။ ထို့ကြောင့် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုအချိန်အထိ ထွန်ယက်ပြီးဧက ၆၂၁၉ ဧကရှိနေပြီဖြစ်သည်။

"တောင်သူတွေကို လက်တွန်းထွန်စက်ဖြန့်ဝေပေးတဲ့အခါ တစ်ဧကကို စက်သုံးဆီ နှစ်ဂါလန်နှုန်း ပေးနေပါတယ်။ ဒါကလည်း ထွန်ယက်တဲ့ တောင်သူတွေအတွက် အခက်အခဲမရှိအောင်လို့ပါ။ နောက်ပြီး ကျေးရွာစာသင်ကျောင်းတွေကို အမြန်ပြုပြင်တည်ဆောက်နိုင်ခဲ့လို့ အခုဆိုရင် မြို့နယ်အတွင်း စာသင်ကျောင်းတွေ ရာနှုန်းပြည့်နီးပါး ကျောင်းဖွင့် စာသင်ကြားနိုင်နေပြီဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ရှင်းပြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ငွေဇင်ယော်ကျေးရွာ။

သင်္ဘောပေါ်မှနေပြီး ကြည့်လျှင် ကျေးရွာ အတော်များများသည် မြစ်ကမ်းအနီး တည်ဆောက်ထားကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျေးရွာ စာသင်ကျောင်းများအားလုံးနီးပါးကို သင်္ဘောပေါ်မှ လှမ်းမြင်ရသည်။ အမိုးအကာများ ပြည့်စုံစွာဖြင့် စာသင်နေကြသည့် ကလေးငယ်များ၊ သင်္ဘောဥဩသံကြောင့် ပြတင်းပေါက်မှ လက်ပြနှုတ်ဆက်နေသည့် ကလေးငယ်များကို တွေ့ရသည်။ ဖိုးတီလွတ်ရွာအလွန်အရောက် မိုးကသည်းထန်စွာ ရွာလေသည်။ လေပါထန်လာသဖြင့်သင်္ဘောကို ဖြည်းဖြည်းခုတ်မောင်းရသည်။ သဲဖြူရွာနှင့် ကျားဟုန်းရွာနားအရောက်တွင် အနီးဝန်းကျင်မမြင်ရအောင် မိုးက သည်းလာသည်။ ကွင်းချောင်းရွာကို ကျော်သည်အထိ မိုးကမစဲ၊ ငွေဇင်ယော်ရွာကို သင်္ဘောကမ်းကပ်ချိန်၌လည်း မိုးကကောင်းနေဆဲပင်။ မိုးတဖွဲဖွဲရွာနေသည့်ကြားမှပင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်အဖွဲ့ ငွေဇင်ယော်ကျေးရွာအတွင်းဆင်းကာ ဆန်၊ အဝတ်အထည်၊ အစားအစာ၊ အသုံးအဆောင်ပစ္စည်းများနှင့် လယ်ယာသုံး ကိရိယာများကိုကိုယ်တိုင်လက်ရောက် တစ်ဦးချင်းပေးဝေသည်။ ကျေးရွာသားများက ဝမ်းသာမဆုံး ပီတိပြုံးများ မျက်နှာများပေါ်တွင် ဝေလျက်ရှိသည်။

ထို့နောက် ငွေဇင်ယော်ရွာတွင် နေထိုင်သူ မသူဇာအား မေးမြန်းကြည့်ရာ "ကျွန်မတို့က လယ်ယာလုပ်ကိုင်ပါတယ်။ လေဘေးသင့်ပြီး မော်လမြိုင်ကျွန်းမြို့ ကယ်ဆယ်ရေးစခန်းက ပြန်လာတာပါ။ ကိုယ့်ရပ်ဒေသမှာပဲ နေထိုင်လုပ်ကိုင်ချင်တဲ့ စိတ်ပဲရှိနေလို့ ကယ်ဆယ်ရေးစခန်းမှာ ကြာကြာလည်း မနေနိုင်ပါဘူး။ အခုအိမ်မှာ ဆန်တစ်တင်းလောက် ရှိပါတယ်။ အဝတ်အထည်နဲ့ အသုံးအဆောင်တွေလည်း ရပါတယ်။ မျိုးစပါးကတော့ ရေစိမ်ထားပြီး ရက်ပိုင်းအတွင်းမှာ ပျိုးကြဲစိုက်ပျိုးတော့မှာပါ" ဟု ဖြေကြားသည်။ ငွေဇင်ယော် ကျေးရွာတွင် တာပေါ်လင်စများ မိုးထားသော နေအိမ်များကို စနစ်တကျ စီတန်းစွာ တွေ့ရသည်။

အိမ်လည်းပြန်ဆောက်ပြီးသွားပါပြီ။
မကြည်ကြည်ဝင်း
(ငါးတန်တစ်ရာကျေးရွာ)

နေအိမ်များ၌ အလျား ၁၅ ပေ အနံ ၁၂ ပေ ရှိသော တာပေါ်လင်စများ မိုးထားပြီး နေအိမ်အမြင့်မှာ သုံးပေခန့်ရှိသည်။ ဝန်ကြီးနှင့် အဖွဲ့သည် ငွေဇင်ယော်ကျေးရွာအတွက် မျိုးစပါး တင်းပေါင်း ၂၄၉၆ တင်းနှင့် လက်တွန်းထွန်စက် ၁၁ စီးကိုလည်း ပေးအပ်ခဲ့သည်ကို တွေ့ရသည်။ ထို့နောက် ရွှေငွေးမြင့် သင်္ဘောဖြင့် ဆက်လက် ထွက်ခွာလာခဲ့ရာ တစ်နာရီခန့်အကြာ၌ ငါးတန်တစ်ရာ ကျေးရွာသို့ ရောက်လေသည်။ ငါးတန်တစ်ရာကျေးရွာသည် လယ်ယာလုပ်သူနှင့် ရေလုပ်ငန်း လုပ်သူ ထက်ဝက်ခန့်ရှိသော ရွာဖြစ်သည်။ လေဘေးဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရသည့် ရွာလည်း ဖြစ်သည်။ ဝန်ကြီးနှင့်အဖွဲ့က သင်္ဘောပေါ်မှ ဆင်းကာ စောင်၊ ခြင်ထောင်၊ အဝတ်အထည်၊ အစားအစာနှင့် လယ်ယာသုံး ကိရိယာကို ပေးသည်။ ကျေးရွာသားများကား ပစ္စည်းများ ရရှိသဖြင့် ပျော်ရွှင်လျက်ရှိသည်။ ပစ္စည်းများ ပွေ့ပိုက်ထားသူ တစ်ဦးကို မေးမြန်းရာ "နာမည်က မကြည်ကြည်ဝင်းပါ၊ လယ်ယာလုပ်ငန်း လုပ်ကိုင်ပါတယ်၊ မျိုးစပါးတွေရလို့ ပျိုးကြဲတော့မှာပါ၊ တာပေါ်လင်စ၊ ဆန်နဲ့ အဝတ်အထည်တွေလည်း ရပါတယ်။ သီးခြား တိုက်ရိုက်လာလှူတဲ့ အလှူရှင်တွေရဲ့ ပစ္စည်းတွေလည်း ရပါတယ်၊ အိမ်လည်း ပြန်ဆောက်ပြီးသွားပါပြီ" ဟု ပြောကြားသွားသည်။ ငွေဇင်ယော်ရွာတွင် အိမ်ခြေ ၁၀၀ ကျော်ရှိရာ အိမ်အတော်များများကို မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီက ပြန်လည် တည်ဆောက်ပေးထားသည်။

ငါးတန်တစ်ရာ ကျေးရွာ စာသင်ကျောင်းမှာလည်း ပြန်လည်ပြုပြင်ပြီးစီးနေပြီဖြစ်ရာ ကျောင်းဖွင့် စာသင်ကြားနေသည်ကို တွေ့ရသည်။ ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များလည်း ရရှိနေသဖြင့် ကလေးငယ်များ အဆင်ပြေစွာ စာသင်နိုင်ကြပြီဖြစ်သည်။ ထို့နောက် ငါးတန်တစ်ရာကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ မော်လမြိုင်ကျွန်းမြို့သို့ ညနေ ၅ နာရီ၌ ရောက်ရှိခဲ့လေသည်။ ။

မော်လမြိုင်ကျွန်းမြို့နယ်ငါးတန်တစ်ရာကျေးရွာ မြစ်ကြောင်းတစ်လျှောက်တွင် ပိုက်ချနေသော ရေလုပ်သားကြီးတစ်ဦး။

အာဆီယံအမျိုးသားသီချင်း (ASEAN Anthem) ပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော် ဇွန် ၂၂

၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးမတိုင်မီ အာဆီယံ အမျိုးသားသီချင်းပြိုင်ပွဲတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်ရာ-

- အင်္ဂလိပ်ဘာသာဖြင့် စပ်ဆိုရမည်။
- သီချင်းတစ်ပုဒ်လုံးသည် ကိုယ်ပိုင်သံစဉ်ဖြစ်ကြောင်း ဝန်ခံကတိပြုလွှာ ပါရမည်။
- စာသားသည် အာဆီယံ အမျိုးသားသီချင်း၏ ဂုဏ်ပုဒ်ကို ထင်ဟပ်စေရမည်။
- အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှု၊စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ရမည်။
- အာဆီယံ၏ ကျယ်ပြန့်သောယဉ်ကျေးမှုနှင့်လူမျိုးကွဲပြားမှုတို့ကို ဖော်ဆောင်ရမည်။
- သံစဉ်ကို မြန်မာသံစဉ်/နိုင်ငံတကာသံစဉ်/မြန်မာနှင့်နိုင်ငံတကာသံစဉ်အရော စသည်ဖြင့် နှစ်သက်ရာ စပ်ဆိုနိုင်သည်။
- တစ်မိနစ်ထက်မကျော်စေရ။
- သီချင်းကိုစာသား၊ ဂီတသင်္ကေတများပါရှိသော စာရွက်/ တေးဆိုသံနှင့် တူရိယာပစ္စည်းဖြင့် တီးခတ်လျက် စီဒီ၌သွင်းပြီး တင်ပြရမည်။ (ပီယာနိုဖြင့် တီးခတ်ပါက ပိုမိုလိုလားသည်)။
- ၂၀၀၈ ခုနှစ် ဇူလိုင် ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

ပေးပို့လာသော သီချင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန အာဆီယံအမျိုးသား သီချင်းရွေးချယ်ရေး ကော်မတီက စိစစ်၍ အပုဒ် (၂၀)အထိ ပဏာမရွေးချယ်ပြီး ထိုင်းနိုင်ငံသို့ ပေးပို့မည်။ ထိုင်းနိုင်ငံတွင် (အာဆီယံ+၃)မှ ထင်ရှားသည့် အနုပညာရှင် တစ်ဦးစီပါဝင်သော အာဆီယံအမျိုးသားသီချင်းရွေးချယ်ရေးကော်မတီမှ အကောင်းဆုံး တစ်ပုဒ်ကို ရွေးချယ်မည်။

ရွေးချယ်ခံရသော သီချင်းအား လိုအပ်ပါက ပြင်ဆင်ခြင်း တည်းဖြတ်ခြင်းပြုလုပ်ပြီး ၎င်းသီချင်းကို အာဆီယံအမျိုးသားသီချင်းအဖြစ် မူပိုင်သတ်မှတ်ခံရမည်။ အဆိုပါသီချင်းကို (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၌ ထိုင်းနိုင်ငံသံစုံတီးဝိုင်း (Orchestra Version)အဖြစ် တာဝန်ယူသီဆို တီးမှုတ်သွားမည် ဖြစ်သည်။

အာဆီယံအမျိုးသားသီချင်းအဖြစ် ရွေးချယ်ခံရပါက ဆုငွေအမေရိကန်ဒေါ်လာ ၂၀၀၀၀ (ဒေါ်လာနှစ်သောင်း) ချီးမြှင့်မည်။ သို့ရာတွင် ပဏာမ ၂၀ အတွင်း ရွေးချယ်ခံရရုံဖြင့် ဆုငွေချီးမြှင့်လိမ့်မည်မဟုတ်ပါ။ ပေးပို့ရန်လိပ်စာမှာ ဦးလှဆွေ ညွှန်ကြားရေးမှူး(အသံလွှင့်) မြန်မာ့အသံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဦးလှဆွေ၊ ညွှန်ကြားရေးမှူး (အသံလွှင့်) ဖုန်း-၀၆၇-၇၉၄၇၅ သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် စစ်ကုန်းကျောင်းတိုက်အတွင်း ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်အတွင်းရှိ စေတနာရှင်များ ပူးပေါင်း၍ ဖွင့်လှစ်ထားသည့် ဖြိုးစေတနာ ကျန်းမာသုခ အခမဲ့ဆေးကုခန်းအတွက် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၀၄သိန်းကို အလှူရှင်များကိုယ်စား သုံးခွမြို့နယ်အသင်းမှ ဦးအောင်သန်းက ပေးအပ်လှူဒါန်းရာ ကျန်းမာသုခ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကျင်တိုးလွင်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာ ဦးမြင့်သိန်းတို့ လက်ခံကြစဉ်။ (သတင်းစဉ်)

ရှောင်လေဝေးဝေး မူးယစ်ဆေး

အောင်စကြာတိုက်ကျောင်း အလုပ်ပေးတရားပွဲ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း၌ ဇူလိုင် ၁ ရက် ညနေ ၆ နာရီမှစ၍ ခုနစ်ရက် အလုပ်ပေးတရားပွဲ ကျင်းပမည် ဖြစ်သည်။ ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်ကြီးကို ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်း အခြေခံမှုစ၍ပြသမည်ဖြစ်ပြီး တစ်နာရီ တရားဟောပြီးသည်နှင့် လက်တွေ့တစ်နာရီအားထုတ်ကြရမည်ဖြစ်သည်။ (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာ ဆရာတော်ကိုယ်တိုင် ဟောကြား ပြသမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်နာယူ အားထုတ်နိုင်ပြီး ဖုန်း-၂၂၄၆၈၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဒတ်ချ်နည်းပြတစ်ယောက်က ဒတ်ချ်ဘောလုံးသမား ၁၁ယောက်ကို အနိုင်ယူသွားသည့်ပွဲ

ယူရို ၂၀၀၈ပွဲစဉ်မှာ အုပ်စုအဆင့်ကစပြီး နာမည်ကြီးသတင်းမွှေးခဲ့တဲ့ ဟော်လန်အသင်းဟာ ကွာတားဖိုင်နယ်ရှုံးထွက် အဆင့်မှာ မမျှော်လင့်ဘဲ ရုရှားအသင်းကို ရှုံးလိုက်ရတာမို့ မျှော်လင့်ချက်အိပ်မက်တို့ ပျက်ပြယ်သွားခဲ့ရပြီဖြစ်ပါတယ်။

ဟော်လန်အသင်း သတင်းမွှေးတာမှန်ပါတယ်။ အုပ်စုမှာကမ္ဘာ့ဖလားချန်ပီယံ အီတလီလိုအသင်းကို ဂိုးပြတ်နဲ့ နိုင်ခဲ့တယ်။ အုပ်စုပွဲစဉ်သုံးပွဲစလုံး အနိုင်ရခဲ့တယ်။ အနိုင်ရခဲ့တဲ့အသင်းတွေကလည်း ထိတ်ထိတ်ကြဲ၊ အီတလီ အပါအဝင် ပြင်သစ်နဲ့ ရိုမေးနီးယားတို့ကိုနိုင်ခဲ့တယ်။ ဒါကြောင့်လဲ ၁၀ ယောက်မှာ ရှစ်ယောက်လောက်က ဟော်လန်အသင်း ဗိုလ်လုပွဲအထိ ခရီးလမ်း ဖြောင့်ဖြူးမယ်လို့ မှန်းဆခဲ့ကြတယ်။

'ဘောလုံးဟာ လုံးတယ်' ဆိုတဲ့ မရိုးနိုင်တဲ့စကားက ရှိနေတယ်မဟုတ်လား။ ဟော်လန်နဲ့ ရုရှားတို့ရဲ့ပွဲက သက်သေပြသွားခဲ့တယ်။ ပြောရရင်တော့ ဟော်လန်အသင်းအုပ်စုမှာ ပွဲပန်းသွားတယ်လို့တော့ ဖြေသိမ့်နိုင်စရာရှိပါတယ်။ မရဏအုပ်စုလို့ဆိုတဲ့ အုပ်စု(ဂ)မှာ ပါဝင်ပြီး ဖြတ်သန်းအောင်နိုင်ခဲ့ရတာမို့ ပွဲပန်းတာလဲ မှန်ပါတယ်။ လူတွေအနာတရရှိခဲ့တာလဲ ပါပါတယ်။ ရှေ့မှာ မွေနိုင်နှောက်နိုင် ဂိုးပါသွင်းနိုင်တဲ့ ရော်ဘင်ဒီ ကွာတားဖိုင်နယ်မှာ မပါနိုင်ခဲ့ဘူး။

ရုရှားအသင်းမှာ လူငယ်ဘောလုံးသမားတွေများတယ်။ ကစားအားရှိတယ်။ နာမည်ကြီးဟော်လန်နဲ့ တွေ့ပေမယ့် မရှိန်ဘူး၊ မသိမ်ဘူး။ အုပ်စုမှာ စပိန်ကို ရှုံးခဲ့ပေမယ့် ဆွီဒင်နဲ့ ဂရိကိုအနိုင်ရခဲ့တယ်။

ဟော်လန်နဲ့ ရုရှားနှစ်သင်း ယှဉ်ရင် ဟော်လန်ကသက်ရင့်ဘောလုံးသမားများပြီး ရုရှားက သက်နုဘောလုံးသမား များတယ်။ အတွေ့အကြုံသမ္ဘာမှာ ဟော်လန်ကသာတာမှန်ပေမယ့် ကစားအား၊ သက်လုံ၊ ကြံ့ခိုင်မှုနဲ့ နည်းပြပိုင်းမှာ ရုရှားတို့က သာလွန်ပါတယ်။ ဟော်လန်နဲ့ ရုရှားပွဲမှာ အဓိကအဆုံးအဖြတ်ပေးသွားတာက နည်းပြဆရာအပိုင်း ဖြစ်ပါတယ်။ ရုရှားနည်းပြဆရာက ဒတ်ချ်(ဟော်လန်)လူမျိုး ဂုစ်ဟစ်ဒင့်ဖြစ်နေလို့ ဟော်လန်အကြောင်း နောကျေနေသူဖြစ်တယ်။ တောင်ကိုရီးယားအသင်းကို ကမ္ဘာ့ဖလားသမိုင်းမှာ အကြိုဗိုလ်လုပွဲအထိရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သူအဖြစ်လဲ နည်းပြလောကမှာ အောင်မြင်မှု သရဖူဆောင်းထားသူဖြစ်တယ်။

ပွဲအပြီးမှာ ရုရှားနည်းပြ ဂုစ်ဟစ်ဒင့်က "ဒီပွဲမှာ ရုရှားအသင်းက နည်းစနစ်ပိုင်းမှာ ပိုပြီးကောင်းတယ်၊ နည်းဗျူဟာအပိုင်းမှာလည်း လိုအပ်တဲ့နေရာကို ဘောလုံးသမားတွေက ဖြည့်ကစားသွားနိုင်တယ်။ စိတ်ဓာတ်အပိုင်းမှာလဲ သူတို့ကိုအားပေးမြှင့်တင်မှုအများဆုံးပြုလုပ်ပေးခဲ့တယ်"ဟူ၍ ပြောကြားခဲ့ပါတယ်။

ဟော်လန်နည်းပြ မာကိုဗန်ဘာစတန်ကမူ "မိမိတို့ ပွဲကို မထိန်းချုပ်နိုင်ခဲ့ဘူး၊ ရုရှားက ကစားရခက်တယ်။ မိမိဘောလုံးသမားများကြံ့ခိုင်မှုပိုင်းမှာ အားနည်းပါတယ်"ဟူ၍ ပြောကြားသွားခဲ့တယ်။

ကွာတားဖိုင်နယ်ပွဲအပြီး ရုရှားဘောလုံးသမားများအကြား ပြောစမှတ်တွင်ခဲ့သော စကားမှာ-

"ဒတ်ချ်နည်းပြဆရာတစ်ယောက်က အရည်အသွေးရှိသူ ဒတ်ချ်ဘောလုံးသမား ၁၁ယောက်ကို အနိုင်ယူသွားသည်" ဟူ၍ဖြစ်ပါတယ်။

ဇာနည်ဦး

လေမုန်တိုင်းကြောင့်အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် အခိုင်အမာနေအိမ်များ ဆောက်လုပ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်၏ ထောက်ပံ့စီစဉ်မှုဖြင့် သက်ဆိုင်ရာကုမ္ပဏီများက လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် ၁၆ပေ × ပေ၂၀ အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အခိုင်အမာနေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိသည်။

ယင်းသို့ အခိုင်အမာနေအိမ်များ ဆောက်လုပ်ရာတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာမှ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် ထူးထရေးဒင်းကုမ္ပဏီက တာဝန်ယူအကုန်ကျခံ၍ တည်ဆောက်ပေးလျက်ရှိပြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာမှ အိုးအိမ်မဲ့ လေဘေးသင့် ပြည်သူများအတွက် ငွေဆင်ကုမ္ပဏီ၏ အကုန်အကျခံမှုဖြင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီက တည်ဆောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၂

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အမေရိကန်ပြည်ထောင်စုမှလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၁ ဒသမ ၉၆ တန်နှင့် ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်များ အဖွဲ့မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၄၀ ဒသမ ၇၉ တန်တို့သည် ယနေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)



ဂျပန်နိုင်ငံရှိ Rotary International District-2790 (Masataka Shiratori Governor, Rotar Act Club, Funabashi East Rotary Club) **မှ မုန်တိုင်းသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ဆေးဝါးပစ္စည်းများကို ဇွန် ၂၁ ရက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များထံ လာရောက်လှူဒါန်းစဉ်။**

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဒါနဘာကြောင့်ပြုရသလဲ" တရားတော် [ဆရာတော်အရှင်ဇဝန(မေတ္တာရှင်)]
၇း၅၅ - ၁း၅၅	မြန်မာ့ခြင်းလုံး
၈း၀၅ - ၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀ - ၂း၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ[ဒေါက်တာ အောင်မြတ်သွင် (မေ့ဆေးပါမောက္ခ)နှင့်တွေ့ဆုံခြင်း] (ဒုတိယပိုင်း)
၈း၄၀ - ၂း၄၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း(Fuji ဆပ်ပြာစက်ရုံ)
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	Say It In English
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	Movie Mistakes(CASINO ROYALE)
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	နတ်လူသာစုခေါ်စေသော် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	Fashion Guide (ကျန်းမာလှပလက်ချောင်းအလှ)
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	Multitude Of Market Forms
၁၂း၄၀ - ၆း၄၀	VJ Choice
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သူတို့သိသွားကြလေပြီ

လှိုင်အောင်

၁၇-၆-၂၀၀၈ ရက်နေ့ International Herald Tribune သတင်းစာ ဝက်ဘ်ဆိုက်တွင် "မြန်မာနိုင်ငံမှာ အံ့သြဖွယ်ကောင်းစွာ နာလန်ထလာလေပြီ" (In Myanmar, surprising recovery) ဟူသောခေါင်းစဉ်ဖြင့် သတင်းဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရသည်။

အဆိုပါသတင်း၌ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းကျရောက်ခဲ့ပြီး ရက်သတ္တခြောက်ပတ်ခန့်အကြာ၌ မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများသို့ သွားရောက်ကုသ ကူညီခဲ့ကြသည့် ဆရာဝန်များနှင့် နိုင်ငံတကာ ပရဟိတအဖွဲ့များမှ ဝန်ထမ်းများပြန်လာကြသောအခါ အခြေအနေမှာ ထင်သလောက်မဆိုးလှသည့်အကြောင်း ထုတ်ဖော်ဝန်ခံခဲ့ကြမှုများကို ရေးသားထားသည်။

နာဂစ်မုန်တိုင်းနှင့် ပတ်သက်၍ အနောက်အုပ်စု မီဒီယာများက မြန်မာအစိုးရအပေါ် စွဲချက်အမျိုးမျိုးတင်၍ ပုတ်ခတ်ရေးသားခဲ့ကြသည်။ အနောက်နိုင်ငံကြီးအချို့မှ ထိပ်တန်းတာဝန်ရှိသူ အရာရှိကြီးများ ကိုယ်တိုင်ကလည်း အလားတူစွပ်စွဲပြစ်တင်ဝေဖန်ခဲ့ကြသည်။

သူတို့စွပ်စွဲပြစ်တင်နေခဲ့ကြသည့် အဓိကအချက်ကြီး နှစ်ချက်ရှိသည်။ ပထမအချက်မှာ မုန်တိုင်းပြီးလျှင်ပြီးချင်း နိုင်ငံခြားအကူအညီ (နိုင်ငံခြားစစ်သင်္ဘော) များကို ဝင်ခွင့်မပြုခဲ့သည့်အတွက် အချိန်မီ ကယ်တင်ခြင်းမပြုနိုင်သောကြောင့် လူပေါင်းထောင်သောင်းချီ၍ သေဆုံးခဲ့ကြရသည် ဟူသော စွပ်စွဲချက်ဖြစ်သည်။

ဒုတိယအချက်မှာ မြန်မာအစိုးရသည် လေဘေးသင့်ပြည်သူများ၏ ဆင်းရဲဒုက္ခရောက်မှုများကို ဂရုမစိုက်၊ ကောင်းစွာ ထောက်ပံ့ကျွေးမွေး၊ ပြုစုကုသခြင်းမရှိသောကြောင့် ဒုက္ခသည်ပေါင်း သန်းနှင့်ချီ၍ ငတ်သေကြရတော့မည်။ မသန့်ရှင်းသောရေများကို သောက်သုံးကြရသောကြောင့် ကာလဝမ်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကပ်များ ဆိုက်ကာ လူထောင်သောင်းချီ၍ သေဆုံးကြရတော့မည်ဟူသော စွပ်စွဲချက်ဖြစ်သည်။

အဆိုပါစွပ်စွဲချက်များမဟုတ်မှန်ကြောင်း မြန်မာအစိုးရကရှင်းလင်း ဖော်ပြသောအခါ သတင်းများကို လုပ်ကြံ လိမ်ညာဖန်တီးသည်။ အမှန်သတင်းများကို အမှောင်ချထားသည်ဟု စွပ်စွဲရေးသားကြပြန်သည်။

သို့သော် ရန်ကုန်မှပေးပို့ခဲ့သည့် ယခုသတင်းဆောင်းပါး၌မူ အထက်ပါစွပ်စွဲချက်များ မမှန်ကြောင်းကို မျက်မြင်ကိုယ်တွေ့လေ့လာ သိရှိခဲ့သည့် နိုင်ငံခြားသားများကိုယ်တိုင်က ပြောကြားခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတကာအကူအညီများ ဝင်ရောက်နိုင်မှု နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် အမြောက်အမြားသေဆုံးခဲ့ကြသည်ဟု မိမိမယုံကြည် မယူဆတော့ပါဟု ပြောကြားခဲ့သူမှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ယာယီတာဝန်ခံ Shari Villarosa **ကိုယ်တိုင်ပင်ဖြစ်ပါ၏။ သူ၏ စကားလုံးအတိအကျအတိုင်းတင်ပြရသော်** "I'm not getting the sense that there have been a lot of deaths as a result of the delay" **ဟူ၍ ဖြစ်ပါသည်။**

၎င်းအဆိုအရသော် အမေရိကန်ကာကွယ်ရေးဝန်ကြီးက မြန်မာအစိုးရသည် နိုင်ငံတကာအကူအညီများကို လက်ခံရန် နှောင့်နှေးမှုကြောင့် အသက်ပေါင်း ထောင်သောင်းချီ၍ တန်ဖိုးပေးဆပ်ခဲ့ရသယောင်ယောင် (at the cost of tens of thousand of lives) ဟူ၍ ပြောဆိုခဲ့ပြီး ယင်းအတွက် မြန်မာအစိုးရကို "လျစ်လျူရှုထားမှုဖြင့် ရာဇဝတ်မှုကျူးလွန်ခဲ့သည်" (Crime of neglect)ဟု စွပ်စွဲပြစ်တင်ခဲ့ခြင်းမှာ တစ်ဖက်သတ်အစွဲဖြင့် အခြေအမြစ် မခိုင်လုံသည့် သတင်းများကို အခြေပြုပြီး မလျော်မကန် စွပ်စွဲခဲ့ရာမကျပါလေသလော။

ကူညီကယ်ဆယ်မည့်သူများနှင့် မတွေ့ဆုံရမီ လေဘေးသင့် ဒုက္ခသည်များ စားနပ်ရိက္ခာပြတ်လပ်၍ သေဆုံးကြရခြင်းမရှိသည်မှာ ၎င်းတို့ကိုယ်တိုင်က ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသော တောင်သူလယ်သမားများ၊ ရေလုပ်သားများဖြစ်၍ အုန်းသီးခွဲစားခြင်း၊ ငါးဖမ်းစားခြင်း၊ ကျန်ရှိနေသော ရေစိုဆန်များကို ချက်စားခြင်းတို့ဖြင့် ရှင်သန်ရပ်တည်နိုင်ခဲ့ကြကြောင်း ဆရာဝန်များ၊ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် သံတမန်များက ပြောကြားခဲ့ကြသည်ဟု သတင်းကဆိုသည်။

မိုးဦးကျ ငါးရစ်တက်ချိန်တွင် မြစ်ရေ၊ ကွင်းရေတိုးသည့်ကာလများ၌ ဝေးဝေးလံလံသွားစရာမလိုဘဲ အိမ်ကြမ်းပေါက်မှ ငါးများ၍ ရလောက်အောင် စားနပ်ရိက္ခာပေါလှသော ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသအကြောင်းကို သိထားသည့်အလျောက် 'နိုင်ငံတကာမှပေးသည့် ချောကလက်များ မစားရလျှင်လည်း ဧရာဝတီသားတို့ ရှင်သန်နိုင်ပါသည်' ဟု ဆောင်းပါးတစ်ပုဒ်၌ ရေးခဲ့ရာတွင် အနောက်အုပ်စု မီဒီယာများနှင့် အထူးသဖြင့် လက်ဝေခံမြန်မာလူမျိုး မီဒီယာဝန်ထမ်းများက 'ကြက်တူရွေးထက်မယ်ဘော်ကကဲ' ကာ သည်းသည်းလှုပ်မျှ သြဘာပေးခဲ့ကြသည်ကို ပြန်သတိရမိပါ၏။ ယခု နိုင်ငံတကာဆရာဝန်များနှင့် သံတမန်များကိုယ်တိုင်က ဒုက္ခသည်များ ငါးဖမ်းစားခြင်းဖြင့် ရှင်သန်ရပ်တည်နိုင်ခဲ့ကြပါသည်ဟု လက်ခံပြောကြားလာကြသည်ကိုရော သူတို့က ဘာများပြောလိုကြသေးသည်ကို သိချင်လှပါ၏။

မြန်မာတို့၏ ခံနိုင်ရည်အပေါ် နိုင်ငံခြားသားများက အတော်ပင်အံ့သြကြသည်ကိုလည်း အဆိုပါသတင်း၌ တွေ့ရသည်။ မုန်တိုင်းဒဏ်ကြောင့် သိန်းနှင့်ချီ၍ သေဆုံး/ ပျောက်ဆုံးခဲ့ရသော်ငြား ရှင်သန်ကျန်ရစ်သူများမှာ ကြီးကြီးမားမား ဒဏ်ရာအနာတရနှင့် စိုးရိမ်ရလောက်အောင် မကျန်းမာမှုမျိုးမရှိလှကြောင်း နယ်ခြားမဲ့ ဆရာဝန်များအဖွဲ့ (Medecins Sans Frontieres)မှ မြန်မာနိုင်ငံဆိုင်ရာ အဖွဲ့ခေါင်းဆောင် Frank Smithuis ကဆိုသည်။ "သူတို့က မုန်တိုင်းကြောင့် သေရင်လည်းသေ၊ မသေရင် လည်း ဘာမှမဖြစ်တဲ့အတိုင်း 'အိုကေ' ဆိုတဲ့ ပုံမျိုးပဲဗျ"။ (You were dead or you were in O.K shape) ဟု သူကဆိုကြောင်း ဖတ်ရှုရသည်။

ကြီးကြီးမားမား ခွဲစိတ်ကုသစရာရှိသည့် လူနာများမှာလည်း မုန်တိုင်းပြီးစကပင် ဒေသန္တရဆေးရုံ၊ ဆေးခန်းများမှ မြန်မာအစိုးရဆရာဝန်များက ကုသပေးပြီးဖြစ်၍ ဗြိတိန်နိုင်ငံမှ လာရောက်ကူညီကုသပေးနေသည့် Merlin စေတနာ့ဝန်ထမ်းကျန်းမာရေးအဖွဲ့က ခွဲစိတ်ကုဆရာဝန်အဖွဲ့များ ခေါ်ယူမည့် အစီအစဉ်ကိုပင် မလိုတော့၍ ဖျက်သိမ်းလိုက်သည်ဟု ဆိုသည်။

ကူးစက်ရောဂါပြန့်ပွားမည့် အန္တရာယ်နှင့်ပတ်သက်၍လည်း နယ်ခြားမဲ့ ဆရာဝန်များအဖွဲ့က ရက်သတ္တခြောက်ပတ်အတွင်း လူနာသုံးသောင်းခန့်ကို ဆေးကုသပေးခဲ့သည့် မှတ်တမ်းအရ သာမန်ထိခိုက်ရှနာမှုများ၊ နှာစေးချောင်းဆိုး အသက်ရှူလမ်းကြောင်းရောဂါနှင့် သာမန်ဝမ်းပျက်သည့် ရောဂါများဖြစ်ပြီး နှာစေးချောင်းဆိုးနှင့် ဝမ်းပျက်ရောဂါများမှာ စိုးရိမ်ရသည့် အခြေအနေမရှိဘဲ မြစ်ဝကျွန်းပေါ်ဒေသ၌ ဖြစ်လေ့ဖြစ်ထရှိသည့် သာမန်နှုန်းခန့်သာဖြစ်သည်ဟုဆိုသည်။ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၌ အမှုထမ်းနေသည့် မြန်မာဆရာဝန် ဒေါက်တာမြတ်မြတ်ဝင်းက သူ၏ဆေးခန်းတွင် ၂၅ ရက်အတွင်း တစ်ရက်လျှင် ပျမ်းမျှ လူနာ ၂၅ ယောက်ခန့်သာ ကုသပေးခဲ့ရပြီး ဝမ်းပျက်ဝမ်းလျှောရောဂါမှာလည်း စိုးရိမ်ရလောက်အောင် ကူးစက်ပြန့်ပွားနေခြင်းမျိုးမရှိပါဟု ဆိုသည်။

၎င်းနေရာတွင် မြန်မာအစိုးရက ဘာမျှလုပ်မပေး၍ ဒုက္ခသည်များ ကျန်းမာရေးအခြေအနေ ဆိုးရွားနေပြီဟု အော်ဟစ်စွပ်စွဲနေမှုများနှင့် ပတ်သက်၍ မြန်မာဆရာဝန်များ၊ ဆေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းများကသာ စောစောစီးစီး လာသမျှလူနာတို့ကို နေ့မနား ညမနား ကုသမပေးခဲ့ဟုဆိုလျှင် Merlin အဖွဲ့က ခွဲစိတ်ကုဆရာဝန်များ မလိုတော့ဟု အစီအစဉ်ဖျက်လိုက်ရန် လိုပါတော့မည်လောဟု တွေးမိသည်။ မြန်မာအစိုးရ ကျန်းမာရေးဝန်ထမ်းများက ဝမ်းရောဂါ ကာကွယ်ဆေးထိုးပေးခြင်း၊ ရေသန့်ဆေးပြား/ ဆေးရည်များ ခတ်ပေးခြင်းများ ကြိုကြိုတင်တင်မပြုခဲ့လျှင် နယ်ခြားမဲ့ဆရာဝန်များထံ ဝမ်းပျက်ဝမ်းလျှောရောဂါဝေဒနာရှင်များ စုပြုံ၍ ရောက်မလာဘဲရှိပါမည်လောဟု စဉ်းစားစရာဖြစ်သည်။

သတင်းဆောင်းပါးတစ်ခုလုံးကို ခြုံ၍ ဖတ်ရှုမိသောအခါ အခြားသောဒေသအတွင်း သဘာဝဘေး ဆိုက်ရောက်သည့် နိုင်ငံများကဲ့သို့ နိုင်ငံခြားအကူအညီ များများစားစားမပါဘဲ မြန်မာတို့ ၎င်းမျှ မြန်မြန်ဆန်ဆန် လေဘေးဒဏ်မှ ပြန်၍ နာလန်ထူလာသည်ကို လက်တွေ့မျက်မြင် လာရောက်ကူညီနေကြသည့် နိုင်ငံတကာမှ ဆရာဝန်များ၊ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် သံတမန်များက အံ့သြနေကြခြင်းဖြစ်သည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း သတင်းဆောင်းပါး၏ ခေါင်းစဉ်ကိုပင် "အံ့သြဖွယ်ရာ နာလန်ထမှု" ဟု တပ်ခဲ့ခြင်းဖြစ်ပုံရသည်။

စင်စစ်၌ ထိုသူတို့ အံ့သြကြသည်ဆိုခြင်းမှာ အံ့သြစရာတော့ မဟုတ်ပါ။ ထိုသို့ အံ့သြခြင်း၏ အဓိကအကြောင်းရင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ(အထူးသဖြင့် အနောက်နိုင်ငံများ)က သူတို့၏ အကူအညီဝင်မပါဘဲနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူများသည် ဘာမျှလည်းမလုပ်တတ်၊ ဘာမျှလည်းမလုပ်နိုင်ဟု ထင်နေတတ်ကြသည့် အစွဲကြောင့်ပင် ဖြစ်ပါ၏။

လက်တွေ့၌ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှာ သူတို့ထင်မြင်ယူဆထားခဲ့ကြသလောက် မဆိုးလှပါ။ နာဂစ်မုန်တိုင်း မဝင်လာမီကပင် မြန်မာနိုင်ငံ၌ နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများနှင့် လူသား

> မြန်မာတို့ မြန်မြန်ဆန်ဆန် နာလန်ပြန်ထူလာခြင်း၏ နောက်ထပ် အဓိက အကြောင်းရင်းတစ်ခုမှာ ပြည်တွင်းအင်အားပင်ဖြစ်၏။ ပြည်တွင်းအင်အားနှင့် ပတ်သက်၍ စေတနာသဒ္ဓါတရား ထက်သန်လှသော ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ၏ အင်တိုက်အားတိုက် ကူညီလှူဒါန်းမှုများကို နိုင်ငံခြားသံတမန်များကပင် အံ့သြချီးကျူးကြရသည်။ "ဒေသန္တရ အဖွဲ့အစည်းတွေ၊ ဆေးအဖွဲ့တွေ၊ တချို့လုပ်ငန်းရှင်တွေရဲ့ စွမ်းဆောင်မှုကတော့ တကယ့်ကိုချီးကျူးစရာပါပဲ၊ ကူညီကယ်ဆယ်ရေးမှာ တကယ့်သူရဲကောင်းတွေပါပဲ" ဟု ပြောလာသူက ဗြိတိသျှသံရုံးမှ ဒုတိယ အတွင်းဝန် Ruth Bradley Jones ဖြစ်၏။

အရင်းအမြစ်အဖြစ် ယင်းအဖွဲ့များ၏ မြန်မာဝန်ထမ်းများ အသင့်အတင့်ရှိထားပြီးဖြစ်ပါ၏။ ဥပမာ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့ဆိုလျှင် မြန်မာနိုင်ငံ၌ ၁၉၉၃ ခုနှစ်ကပင် စတင်ရောက်ရှိနေခဲ့ပြီး မြန်မာဝန်ထမ်းပေါင်း (၁၀၀၀) ကျော်ရှိပြီးဖြစ်သည်ဟု ဆိုသည်။ ဗြိတိသျှ Merlin ဆေးအဖွဲ့မှာလည်း မြစ်ဝကျွန်းပေါ် အနောက်ပိုင်းဒေသတွင် နာဂစ်မဝင်မီ နှစ်နှစ်ကပင် ကျန်းမာရေးလုပ်သား (၅၄၇) ဦးကို လေ့ကျင့်သင်တန်းပေးထားပြီးဖြစ်သည်ဟု ဆို၏။

ထို့ကြောင့် မုန်တိုင်းဘေးနှင့်ကြုံလာသောအခါ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့က မြန်မာဆရာဝန် (၄၈) ဦးနှင့် ကယ်ဆယ်ရေးဝန်ထမ်း ၂၅၀ ကျော်ကို လေဘေးသင့်ဒေသသို့ စေလွှတ်နိုင်ခဲ့သည်။ Merlin အဖွဲ့မှ လေ့ကျင့်ပေးထားသော ကျန်းမာရေး လုပ်သားများအနက်မှ ထက်ဝက်ခန့်သည်လည်း ကျန်းမာရေးလုပ်ငန်းများတွင် အထောက်အကူပေးနိုင်ခဲ့သည်ဟု ဆိုသည်။

ဆေးနှင့်ထောက်ပံ့ရေးပစ္စည်းများနှင့် ပတ်သက်၍လည်း UNICEF အဖွဲ့က ရန်ကုန်တွင် ယခင်ကပင် ရေသန့်ဆေးပြားများနှင့် အခြားဆေးဝါးပစ္စည်းများ ကြိုတင်သိုလှောင်ထားနိုင်ခဲ့သဖြင့် မုန်တိုင်းပြီးလျှင်ပြီးချင်း ပို့ဆောင်ကူညီနိုင်ခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က လည်း မြန်မာနိုင်ငံတွင် အခြေချထားပြီးသားဖြစ်၍ ပြည်တွင်းမှဆန်များကိုဝယ်ယူပြီး ရိက္ခာများ အလျင်အမြန် ဖြန့်ဖြူးပေးနိုင်ခဲ့ရာ စားနပ်ရိက္ခာ တန်ချိန် ၁၅၀၀၀ ခန့်အထိ ဖြန့်ဖြူးပေးနိုင်ခဲ့သည်ဟုဆိုသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရောက်ရှိနေပြီးဖြစ်သည့် နိုင်ငံတကာအဖွဲ့အစည်းများသည် နိုင်ငံခြားသားဝန်ထမ်း များများစားစားမပါရှိဘဲနှင့်ပင် အရည်အချင်းရှိသော မြန်မာဝန်ထမ်းများဖြင့် ကယ်ဆယ်ကူညီရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်နိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာတို့ မြန်မြန်ဆန်ဆန် နာလန်ပြန်ထူလာခြင်း၏ နောက်ထပ် အဓိက အကြောင်းရင်းတစ်ခုမှာ ပြည်တွင်းအင်အားပင် ဖြစ်၏။ ပြည်တွင်းအင်အားနှင့်ပတ်သက်၍ စေတနာသဒ္ဓါတရား ထက်သန်လှသော ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ၏ အင်တိုက်အားတိုက် ကူညီလှူဒါန်းမှုများကို နိုင်ငံခြားသံတမန်များကပင် အံ့သြချီးကျူးကြရသည်။ "ဒေသန္တရအဖွဲ့အစည်းတွေ၊ ဆေးအဖွဲ့တွေ၊ တချို့လုပ်ငန်းရှင်တွေရဲ့ စွမ်းဆောင်မှုကတော့ တကယ့်ကိုချီးကျူးစရာပါပဲ၊ ကူညီကယ်ဆယ်ရေးမှာ တကယ့်သူရဲကောင်းတွေပါပဲ" ဟု ပြောလာသူက ဗြိတိသျှသံရုံးမှ ဒုတိယအတွင်းဝန် Ruth Bradley Jones **ဖြစ်၏။**

သို့သော် အနောက်တိုင်းမီဒီယာတို့၏ မကြေညာသော်လည်း လိုက်နာကြရမြဲ စည်းမျဉ်း (undeclared rule) အတိုင်း ၎င်းသတင်းဆောင်းပါးတွင် မြန်မာအစိုးရကိုတော့ တစ်ချက်ကလေးမျှ အကောင်းဘက်မှ ရေးသားချက်မတွေ့ရပါ။

မည်သို့ပင်ဖြစ်စေ မုန်တိုင်းတိုက်ခတ်ခဲ့သည့် မေလ ၃ ရက်နေ့တွင်ပင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အနီးကပ်လာရောက် ကြီးကြပ်ပြီး လေဘေးသင့်မြို့နယ်တစ်ခုလျှင် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးတစ်ဦး အခြေပြုကာ

စာမျက်နှာ ၇ ကော်လံ ၁ သို့

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲဆုရသူများ စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၂၂

၂၀၀၈ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးတင်ထွန်းအုန်း(ဝင်းလျှံ)၏ **တန်ဖိုးရှိလှသူငယ် ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ (မီးကိုတိုးသည့် ပိုးဖလံ)** ဝတ္ထုတိုက ပထမဆု၊ မနန်းသိင်္ဂီဝင်း (ကီးကီး-ရွှေမြိုင်)၏ **သန်းခေါင်ယံလွန်ပြီးနောက်ဝယ်** ဝတ္ထုတိုကဒုတိယဆုနှင့် ရဲအုပ် မောင်သန်း (မောင်သက်နှင်း-မ/ဥ)၏ **တန်ဖိုးရှိသောလူ** ဝတ္ထုတိုက တတိယဆုများ အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဦးတင်မောင် (သိပ္ပံ-မျိုးတင်) ၏ **သိစေလိုပါသည်** ဆောင်းပါးကပထမဆု၊ ဒေါ်အေးအေး (မေဇွန်အေး) ၏ **မူးယစ်အန္တရာယ်တို့လူငယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက်**ဆောင်းပါးက ဒုတိယဆုနှင့် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)၏ **မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး** ဆောင်းပါးက တတိယဆုများအသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲတွင် သူဇာနွယ်(ဖျာပုံ)၏ **မူးယစ်အန္တရာယ် လူ့ရန်စွယ် ဖြိုဖျက်တွန်းလှန် အောင်ပွဲခံ** ကဗျာက ပထမဆု၊ ဦးသိန်းစိုး(ရဲရင့်မှိုင်း)၏ **မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**ကဗျာက ဒုတိယဆုနှင့် ဦးသက်နှင်းဦး (သက်လှိုင်မျိုး-စက်မှုတက္ကသိုလ်) ၏ **မူးယစ်ဘေးကင်း ညင်းလေသွင်းခသင်းမြစေ** ကဗျာက တတိယဆုများ အသီးသီး ရရှိကြသည်။

တေးသီချင်းပြိုင်ပွဲတွင် စိုင်းဆန်းဝင်းဗိုလ်(ဟိုပုန်း)၏ **မူးယစ်ဆေးကာကွယ်တားဆီးပေး** တေးသီချင်းက ပထမဆု၊ ဒေါက်တာယဉ်ယဉ်ဌေး (ဗဟိုအမျိုးသမီးဆေးရုံကြီး)၏ **မူးယစ်ကင်းစင် မြန်မာရွှေပြည်တစ်ခွင်** တေးသီချင်းက ဒုတိယဆုနှင့် ဦးလေးနိုင် (လေးနိုင်မင်း)၏ **လက်တွဲတိုက်ဖျက်ကာကွယ်ပေး ရန်စွယ်မူးယစ်ဆေး** တေးသီချင်းက တတိယဆုများ အသီးသီး ရရှိကြသည်။

မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မောင်သီဟသွေး အထက(၆) ဗိုလ်တထောင်က ပထမဆု၊ မောင်ကျော်ဇင်သန့် အထက(၁၄)ချမ်းအေးသာစံက ဒုတိယဆုနှင့် မခင်စုစုဟန်၊ အလက(၄)လှိုင်က တတိယဆုများ အသီးသီးရရှိကြသည်။

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မခိုင်မေသူ၊ ရန်ကင်းပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းကပထမဆု၊ မရွှန်းမြင့်မိုရ်ဦး ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆုနှင့် မောင်ကောင်းထက်ကျော် အထက(၅)တာမွေက တတိယဆုများ အသီးသီးရရှိကြသည်။

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင်မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ပထမဆု၊ မောင်ဗဟိန်း ပုသိမ်တက္ကသိုလ်က ဒုတိယဆုနှင့် မအေးမြတ်သူ အထက(၂)လသာက တတိယဆုများ အသီးသီးရရှိကြသည်။

မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မောင်မင်းထွေးညဏ် အမက(၄)မှုံရွာက ပထမဆု၊ မောင်သီဟသွေး အထက(၆)ဗိုလ်တထောင်က ဒုတိယဆုနှင့် မအေးရူပါလင်း အလက (၃) မြစ်ကြီးနားက တတိယဆုများ အသီးသီး ရရှိကြသည်။

အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မယမင်းပပလင်း အထက(၄)တောင်ကြီးက ပထမဆု၊ မောင်မျိုးသူရိန်ကျော် အထက(၇)မန္တလေးက ဒုတိယဆုနှင့် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယဆုများ အသီးသီး ရရှိကြသည်။

အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မောင်အောင်ပိုင်စိုး အထက(၃)ပဲခူးက ပထမဆု၊ မောင်ရဲမြတ်အောင် နည်းပညာတက္ကသိုလ်-မှော်ဘီက ဒုတိယဆုနှင့် မအေးမြတ်သူ အထက(၂)လသာက တတိယဆုများ အသီးသီးရရှိကြသည်။

မူလတန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မောင်သီဟသွေး အထက(၆) ဗိုလ်တထောင်က ပထမဆု၊ မောင်ဝေယံရီမောင် အမက(၂၄) ပုသိမ်က ဒုတိယဆုနှင့် မောင်သုခနန္ဒ အမက (၁၀) ရန်ကင်းက တတိယဆုများ အသီးသီးရရှိကြသည်။

အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မောင်သူရပိုင်စိုး အထက(၆) ပုသိမ်က ပထမဆု၊ မောင်ကောင်းထက်ကျော် အထက(၅)တာမွေက ဒုတိယဆုနှင့် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယဆုများ အသီးသီး ရရှိကြသည်။

အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မနှင်းနွယ်နွယ်အောင် အထက (၂) ကျောက်တန်းက ပထမဆု၊ မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ဒုတိယဆုနှင့် မအေးမြတ်သူ အထက (၂)လသာကတတိယဆုများအသီးသီး ရရှိကြသည်။

အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မရတနာဆုရှင် အထက(၃)ပဲခူးက ပထမဆု၊ မဖြိုးအိဇင် အထက(သုဝဏ္ဏ)ကဒုတိယဆုနှင့် မောင်မင်းထက်ထူးအောင် အထက ရွှေတောင်က တတိယဆုများ အသီးသီးရရှိကြသည်။

အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မောင်အောင်ပိုင်စိုး အထက(၃)ပဲခူးက ပထမဆု၊ မနေကြည်သန်းဝင်း အထက(၁)မကွေးက ဒုတိယဆုနှင့် မောင်သက်ပိုင်စိုး အထက ပုသိမ်က တတိယဆုများ အသီးသီးရရှိကြသည်။

ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာအလွတ်တန်းပြိုင်ပွဲတွင် မဆုဝေဖြိုး ကျိုင်းတုံမြို့က ပထမဆု၊ မောင်စိုင်းစိုးလှိုင် ကျိုင်းတုံမြို့က ဒုတိယဆုနှင့် မောင်စိုးမိုးအောင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)က တတိယဆုများ အသီးသီးရရှိကြသည်။

ဓာတ်ပုံအလွတ်တန်း ပြိုင်ပွဲတွင် ဦးရန်နောင်ထွန်း(တောင်ကြီး)ကပထမဆု၊ မောင်မောင်မြင့်စိန်က ဒုတိယဆုနှင့် ရွှေအင်းသား ခင်မောင်ဝင်းက တတိယဆုများအသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများကို ၂၀၀၈ ခုနှစ် ဇွန် ၂၆ရက်တွင် ဆုများ ချီးမြှင့်မည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့် နေရာနှင့် အချိန်ကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူးများမှတစ်ဆင့် အကြောင်းကြားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်
တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆-၆-၂၀၀၈

International Day Against
Drug Abuse and Illicit Trafficking
26-6-2008

❁ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းအသီးသီးနှင့် လူမှုရေးအဖွဲ့အစည်းများ အင်အား သောင်း၊ သိန်းချီ၍ နေ့မအား၊ ညဥ့်မနား ကြိုးပမ်းခဲ့ကြမှု၊ နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့ကိုယ်တိုင် ကွင်းဆင်းကြပ်မတ် လမ်းညွှန်မှုတို့ကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဤမျှမြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်လာခဲ့သည်မှာ ပကတိအရှိတရား ဖြစ်ရပ်မှန်တစ်ခုပင်။

ထို့အတူ **နိုင်ငံတော်မှ ဒုက္ခသည်များအတွက် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးကုသမှု၊ သယ်ယူပို့ဆောင်ရေး၊ ဘဝပြန်လည် ထူထောင်ရေးအတွက် ဓား၊ ပေါက်ပြား၊ စောင်၊ ဖျာ၊ နေစရာတဲမှအစ မျိုးစပါး၊ ငါးဖမ်းပိုက်၊ ငါးဖမ်းလှေ၊ ဓာတ်မြေသြဇာ၊ လယ်ထွန်စက်၊ ကျွဲ၊ နွား စသော လိုအပ်ချက်များအဆုံး၊ နောက်တစ်ဖန် လေဘေးကြုံလျှင် ဘေးဒုက္ခ မရောက်ကြရလေအောင် တာတမံ၊ ရေလွတ်ကုန်းမြင့်နှင့် အသက်ကယ် တာလမ်းများမှအစ အောက်ခြေသိမ်း ကျယ်ကျယ်ပြန့်ပြန့် ကျပ်ငွေသန်း ထောင်ပေါင်းများစွာ အကုန်အကျခံ ဆောင်ရွက်ပေးနေသည့် စေတနာမှာလည်း အတည့်ကြည့်လျှင် အရှိအတိုင်း မြင်ကြမည်သာဖြစ်ပါ၏။**

လေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ရောက်ရှိခဲ့ကြသည့် နိုင်ငံတကာမှ ဆရာဝန်များ၊ ကယ်ဆယ်ရေး ဝန်ထမ်းများနှင့် သံတမန်များကတော့ “Seeing is believing” မျက်မြင်ဒိဋ္ဌတွေ့မြင်ရ၍ အခြေအနေမှန်ကို သိရှိယုံကြည် လက်ခံသွားကြလေပြီ။

“နာဂစ်မုန်တိုင်းထက်ဆိုးတဲ့ အရာကတော့ သတင်းအမှောင်ချထားတဲ့ အန္တရာယ်ပဲ” ဟု ပြောဆိုခဲ့သည့် ပြည်ပမီဒီယာများမှ မြန်မာအချို့အတွက်မူ အရှိတရား၊ အမှန်တရားကို မုသာဝါဒအမည်းရောင်ဆိုးကာ သူတစ်ပါးကိုလည်း ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံဖန်တီးရင်း မိမိတို့ စိတ်နှလုံးကိုလည်း ဒေါသအာဃာတတို့ဖြင့် အကောင်းမမြင်နိုင်အောင် အမှောင်ဖုံးထားခြင်းကြောင့် “ ကျား-ကျား-မီးယပ် ”ဟု ခေါင်းမာစွာ စွဲကိုင်နေကြပါက အမှန်တရားနှင့် ဝေးသထက် ဝေးနေကြပေဦးတော့မည်။ ။

ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ဘုန်းတော်ကြီးကျောင်းများ ပြင်ဆင်တည်ဆောက်မှုစစ်ဆေး

ရန်ကုန် ဇွန် ၂၂

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇွန် ၂၀ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်အတွင်း လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြင်ဆင်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့် စာသင်တိုက် ပြန်လည်ပြုပြင်ရန် လှူဒါန်း

ရန်ကုန် ဇွန် ၂၂

မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော သဒ္ဓမ္မဝါစီ ဟံသာတ ပရိယတ္တိစာသင်တိုက်ကြီး အမိုးအကာများ ပြန်လည်ပြုပြင်ရန်နှင့် ပျက်စီးယိုယွင်းနေသော သုံးထပ်ကျောင်းဆောင်သစ်ကြီး ပြန်လည်ဆောက်လုပ်ရန်အတွက် (၈)ရပ်ကွက် မေဓာဝီလမ်းနေ ဦးမြမောင်-ဒေါ်ခင်လှ (မြတ်မောင်ရွှေဆိုင်) မိသားစုတို့က အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသီရိထံ ဇွန် ၁၅ ရက်ကလှူဒါန်းရာ သာသနာနုဂ္ဂဟသဟ ပုညကာရီအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် အတွင်းရေးမှူး ဦးခင်ဇော်တို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

လေဘေးဒဏ်သင့် အဆိုပါစာသင်တိုက်ကြီးသို့ လှူဒါန်းလိုပါက ဖုန်း-၆၉၉၂၃၁၊ ၆၉၉၄၃၀ နှင့် ၆၉၀၅၈၇ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၆၇)

ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ပြည်သူများအား စက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများမှ လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ကွမ်းခြံကုန်းမြို့နယ်မှ မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံအရှေ့စက်မှုဇုန်မှ တောင်ဇလပ် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဒဂုံတောင်ပိုင်းစက်မှုဇုန် (၁)မှ တိုး မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ စိုးစံ မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းတို့မှ ဇွန် ၁၇ ရက်တွင် ကွမ်းခြံကုန်းမြို့တော် ခရမ်းကျေးရွာအုပ်စု ညောင်ဝိုင်းပိုင်း၊ မြတ်လေးရုံပိုင်းနှင့် ဆိပ်ကြီးကျေးရွာ အုပ်စုများသို့ သွားရောက်ကာ ဆန်အိတ် ၅၀၊ အာလူး၊ ကြက်သွန်၊ မုန့်အမျိုးမျိုး၊ ကြက်ဥများ၊ ဆေးဝါးများနှင့် အဝတ်အထည်များ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (က-ပ)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုဇုန်ရှိ တော်ဝင်မိသားစုကုမ္ပဏီ၏ သစ်အချောထည်နှင့် ပရိဘောဂစက်ရုံတွင် လေဘေးသင့်ပြည်သူများကို နေရာချထားပေးမည့် လိုအပ်သော လူနေအိမ်များ အမြန်တည်ဆောက်ပေးနိုင်ရေးအတွက် လူနေအိမ်များထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

စတင်ထုတ်လုပ်ခဲ့မှု၊ Lens, Lens Units Assembling, Plastic Lens and Plastic Partsများ အဓိကထုတ်လုပ်မှု၊ ဝန်ထမ်းအင်အား၊ ဝန်ထမ်းများ လုပ်ငန်းအလိုက် အရည်အသွေး မြင့်မားရေးအတွက် သင်တန်းပို့ချပေးမှုများ၊ စက်ရုံတိုးချဲ့ရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် စက်ရုံ၏အောင်မြင်တိုးတက်မှုများကိုကြည့်ရှုပြီး ပိုမိုတိုးတက်အောင်မြင်စေရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများဖြင့် စက်မှုဇုန်များရှိ စက်ရုံများ၏ လိုအပ်သောလျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန်စီစဉ်ပေးသွားမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တည်ငြိမ်မှု၊ လုံခြုံမှု၊ အေးချမ်းမှုရှိသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများ အကျိုးအမြတ်များရရှိကြသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများတွင် ပြည်သူများလည်း အလုပ်အကိုင်ရရှိကြောင်း။

ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများကိုလည်း ပြဋ္ဌာန်းထားသောဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်ကခွင့်ပြုပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr. Chen Hsi Wang က နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက်ချီးမြှင့်အားပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူများက မှန်ဘီလူးထုတ်လုပ်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် စက်ရုံကထုတ်လုပ်သည့် မှန်ဘီလူးနမူနာအချို့ကို ရှင်းလင်းပြသကြသည်။

ထို့နောက်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုဇုန်ရှိ တော်ဝင်မိသားစုကုမ္ပဏီ၏ သစ်အချောထည်နှင့် ပရိဘောဂစက်ရုံသို့ ရောက်ရှိကြပြီး လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများကို နေရာချထားပေးမည့် လိုအပ်သောလူနေအိမ်များအမြန်တည်ဆောက် ပေးနိုင်ရေးအတွက် လူနေအိမ်များ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တော်ဝင်မိသားစု ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co.,Ltd. ၏ မှန်ဘီလူး အမျိုးမျိုးထုတ်လုပ်သည့် စက်ရုံတွင် ဝန်ထမ်းများ မှန်ဘီလူး အမျိုးမျိုး ထုတ်လုပ်နေကြစဉ်။ (သတင်းစဉ်)

အာရှ ယူ-၁၃ အမျိုးသမီးဘောလုံးပွဲတော် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာအသင်း ထွက်ခွာ

ရန်ကုန် ဇွန် ၂၂

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဇွန် ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် အာရှ ယူ-၁၃ အမျိုးသမီးဘောလုံးပွဲတော်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အမျိုးသမီးဘောလုံးအသင်းသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

မြန်မာလူငယ်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ ဒေါက်တာဒေါ်မော်လီချစ်၊ နည်းပြချုပ် ဦးအုန်းကြိုင်၊ လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်းနှင့် ဒေါ်ချိုဇင်မင်း၊ အတွင်းရေးမှူး ဒေါ်အေးအေးမော်၊ အားကစားသမားများအဖြစ် ဂိုးသမား- အိအိဖြိုး၊ နှင်းပွင့်ဖြူ၊ နောက်တန်း-လှယဉ်ဝင်း၊ ဇာဇာဝင်း၊ ခင်မာကြည်၊ ခင်သန်းဝေ၊ စုနန္ဒာလွင်၊ ခိုင်ဇာဝင်း၊ ခင်ဇာဇာဝင်း၊ အလယ်တန်း-စုငယ်စန္ဒာအောင်၊ ညိုညိုထွေး၊ သက်ထားဆွေ၊ ဥမ္မာစန်း၊ ငွေဆွေတာရာ၊ သန္တာဝင်း၊ ယုယုဝင်း၊ စန္ဒီခိုင်၊ ဝတ်ရည်၊ ရှေ့တန်း-ဝါဝါခိုင်၊ ဝင်းသီဂီထွန်း၊ အိမွန်ကျော်နှင့် မေသူကျော်တို့ လိုက်ပါသွားကြသည်။ နည်းပြချုပ် ဦးအုန်းကြိုင်မှာ နည်းပြချုပ်များ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်အတွက် လည်းကောင်း၊ လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်းနှင့် ဒေါ်ချိုဇင်မင်းမှာ 'စီ'လိုင်စင် အမျိုးသမီး ဘောလုံးနည်းပြသင်တန်း တက်ရောက်ရန်အတွက်လည်းကောင်း ကြိုတင်ထွက်ခွာသွားပြီးဖြစ်သည်။

အဆိုပါ အာရှ ယူ-၁၃ ဘောလုံးပွဲတော်တွင် အသင်းခုနစ်သင်း ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ဂျပန်၊ စင်ကာပူ၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်၊ မြန်မာနှင့် အိမ်ရှင် ဗီယက်နမ်တို့ ပါဝင်ကြသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၇၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နှင်းတောင်သူရဲကောင်း အပိုင်း(၂)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

၂၀၀၇ ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာရာ အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၉ဌာနတို့၌ ဖြေဆိုသူ ၁၇၂၇၀ဦး၊ အောင်မြင်သူ ၁၁၀၇၅ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ၁၈၃၄ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ်(၅၂) မောင်စိမ်းလေး ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ် (၆၈) မောင်သိန်းမောင်လှ ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်းနှင့် တတိယ ခုံအမှတ် (၄၁) မောင်ညီညီအောင် နတ်ရေကန်စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်းတို့ ဖြစ်ကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၅၃ဌာနတို့၌ ဖြေဆိုသူ ၅၂၃၂ ဦး၊ အောင်မြင် သူ ၂၈၄၂ဦး၊ နှစ်ချင်းပေါက် သုံးဆင့် အောင်မြင်သူ ၆၇၂ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ် (၄၃) ဒေါ်နိုင်နိုင်မော် တာမွေစာဖြေဌာန တာမွေမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ် (၂) မောင်ငြိမ်းသန်း နတ်ရေကန်စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်းနှင့် တတိယ ခုံအမှတ် (၁၁) မောင်နေမင်းလင်း နတ်ရေကန်စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်းတို့ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၅၂ဌာနတို့၌ ဖြေဆိုသူ ၁၉၁၄ဦး၊ အောင်မြင်သူ ၁၂၉၃ဦး၊ နှစ်ချင်းပေါက်သုံးဆင့်အောင်မြင်သူ ၂၅၃ဦး ရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ ပထမ ခုံအမှတ် (၉) မဆုပြည့်ထွေး ကျောက်မဲစာဖြေဌာန ကျောက်မဲမြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ဒုတိယ ခုံအမှတ် (၃) မနွေးနွေးဖြိုး ကလေးစာဖြေဌာန ကလေးမြို့ စစ်ကိုင်းတိုင်းနှင့် တတိယ ခုံအမှတ်(၂) မရီရီခင် ကလေးစာဖြေဌာန ကလေးမြို့ စစ်ကိုင်းတိုင်းတို့ ဖြစ်ကြပြီး အောင်စာရင်းအပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **“အလံလေးတော့ကိုင်ပြပါ” (ဖွဲ့နိုင်ဝင်း၊ ဇော်၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၈း၀၀ ၅။ အကပဒေသာ
၈း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၃၀ ၇။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ တေးများ
၈း၄၅ ၈။ International News.
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၄း၂၅ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၅။ ဆိပ်ကျွန်းရေထိန်းတံခါး
၅း၀၀ ၆။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၅း၁၅ ၇။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ တေးများ
၅း၃၀ ၈။ **“ဇင်ဇင်နှင့် ခြင်ကျား” (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ-စင်ရော် မောင်မောင်)**
၅း၄၅ ၉။ တေးဂီတအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၇း၀၀ ၁၃။ မြန်မာနိုင်ငံအမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြပွဲ
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မာယာများနှင့်လှည့်ကွက်” (အပိုင်း-၅)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့” (အပိုင်း-၅)**
၁၉။ အစီအစဉ်ပြီး၏။

သုခစုစံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ ITE လက်မှတ်ရ ပြည်ပအလုပ်အကိုင်သင်တန်းကျောင်းရှိ ဝန်ထမ်းမိသားစုများမှ ရန်ကုန်တိုင်း ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၏ သားသမီးများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ လှူဒါန်းရာ သုခစုစံ ကုမ္ပဏီဝန်ထမ်းမိသားစုများကိုယ်စား ဒုတိယဗိုလ်မှူးကြီး သန်းတင့်(ငြိမ်း)က ရန်ကုန်တိုင်းယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူးကြီး အောင်နိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ပြောတိုင်းမယုံတတ်သူများ

ဇူးကေခိုင်

ကျွန်တော်သည် ရေဒီယိုကို စွဲစွဲလမ်းလမ်း နားထောင်တတ်သူဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိကြသည့် အသံလွှင့်ဌာနအသီးသီးမှ လွှင့်ထုတ်နေသောအသံ (မြန်မာ၊ အင်္ဂလိပ်)များကို အားလပ်ချိန်များတွင် အချိန်ပြည့်နီးပါး နားထောင်ပါသည်။ အင်္ဂလိပ်၊ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း စသည့် နိုင်ငံအသီးသီးမှ ထုတ်လွှင့်သော အသံများအပြင် ဘာသာရေးကို အသားပေးထုတ်လွှင့်သော အသံလွှင့်ချက်များကိုပါ နားထောင်ပါသည်။ အသံလွှင့်ဌာနတစ်ခုတည်းကိုသာ နားထောင်နေခြင်းမဟုတ်ပါ။ ထို့ကြောင့် ဟင်းမျိုးစုံ၊ရသာပေါင်းစုံနှင့်ထမင်းစားနေရသကဲ့သို့ ခံစားရပါသည်။ အသားဟင်းချင်းတူသော်လည်း အရသာကွာခြားသကဲ့သို့ သတင်း တစ်မျိုးတည်းကို ရသအမျိုးမျိုး အဓိပ္ပာယ်အမျိုးမျိုးပေါက်အောင် ထုတ်လွှင့်သွားကြသည်ကိုလည်း သတိပြုမိပါသည်။ ဥပမာ-ဆိုရပါဦးမည်။

တစ်ခါက မြန်မာနိုင်ငံ၌ နိုင်ငံခြားသံတမန်များ ရှေ့မှောက်တွင် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် သတင်းကို အနောက်နိုင်ငံသတင်းဌာနတစ်ခုက “မြန်မာနိုင်ငံအစိုးရက မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပြသွားသည်” ဟု အဓိပ္ပာယ်တစ်မျိုးတစ်မည် သက်ရောက်အောင် ထုတ်လွှင့်ခဲ့ဖူးပါသည်။ ယင်းသတင်းကိုပင် အခြားသတင်းဌာနများက ပုံမှန်အတိုင်း မှန်ကန်သောစေတနာဖြင့် ထုတ်လွှင့်ကြသည်ကို နားထောင်ခဲ့ရဖူးပါသည်။ သတင်းအသားနှင့် ထင်မြင်ချက်ကို ခွဲခြားဖော်ပြရမည်ဟူသော သတင်းသမား၏ ကျင့်ဝတ်ကို မလိမ့်တပတ်နည်းဖြင့် ချိုးဖောက်လိုက်ခြင်းဖြစ်ပါသည်။ မသိမသာဖြင့် ပုတ်ခတ်သည့် ယုတ်မာမှုကို တွေ့ရပါသည်။

သတင်းဌာနအသီးသီးမှ ထုတ်လွှင့်သောသတင်းများကို နှိုင်းယှဉ်စဉ်းစားနားထောင်သည့်အခါ သတင်းဌာနအသီးသီး၏ မိမိနိုင်ငံအပေါ်ထားရှိသော သဘောထားကို အထင်းသား တွေ့မြင်သိရှိခဲ့ရပေသည်။ မှိုအနည်းငယ်ပါသော ပေါင်မုန့်ကို တစ်ခါတစ်ရံစားမိလျှင် အသက်အန္တရာယ်မထိခိုက်နိုင်။ သို့သော်လည်း အမြဲစားသုံးမိလျှင် ကင်ဆာရောဂါကဲ့သို့ အမြစ်တည်စကမသိနိုင်ဘဲ ရောဂါအဆင့် ၂-၃ရောက်မှ သိရှိပြီး မကြာမီအသက်ဆုံးရှုံးရနိုင်ကြောင်း သတိထားမိပါသည်။ နားထောင်ရသော မီဒီယာဖြစ်၍သတင်းစာ(ပုံနှိပ်မီဒီယာ)ကဲ့သို့ စဉ်းစား ဆင်ခြင်ဖတ်ရှုနိုင်သော အခွင့်အလမ်းနည်းပါးသည်ကို သတိပြုမိခဲ့ရပါသည်။ တစ်ဆက်တည်းမှာပင် ရေဒီယိုသည် စရိတ်အကုန်အကျနည်းနည်းဖြင့် လူအများစု၏ ထင်မြင်ချက် (Opinion) အပေါ် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးနိုင်ပါသည်။ နားထောင်သူပရိသတ်များအနေဖြင့်လည်း အခြားမီဒီယာများနှင့် စာလျှင် ငွေကြေး၊ အချိန်၊ နေရာကန့်သတ်ချက် နည်းပါးပါသည်။ လူတိုင်းအလွယ်တကူနားထောင်နိုင်သော အခြေအနေရှိပါသည်။

ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် အခြားသောမီဒီယာနည်းပညာများ မည်မျှပင်ဖွံ့ဖြိုးတိုးတက်လာစေကာမူ ယခုအချိန်အထိ ရေဒီယိုအသံလွှင့်လုပ်ငန်းကို လက်မလွှတ်နိုင်ကြပါ။ ဆတက်ထမ်းပိုးတိုးချဲ့၍ပင် လုပ်ဆောင်လျက်ရှိပါသည်။ အရင်းနည်းနည်းဖြင့် အမြတ်များများရနိုင်သောအလုပ်ဟုလည်း ဆိုနိုင်ပေသည်။ လွတ်လပ်သောဥရောပအသံလွှင့်ဌာန (Radio Free Europe) ကို အရှေ့ဥရောပနိုင်ငံများသို့ ဦးတည်၍ နှစ်ပေါင်းများစွာ ထုတ်လွှင့်ခဲ့ရာမှ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားသည့်အခါ ယင်း RFE အသံလွှင့်ဌာနကို ရပ်ဆိုင်းပစ်ခဲ့ပေသည်။ အသံလွှင့်ဌာန၏ဖြိုခွဲရေးရည်မှန်းချက်အောင်မြင်ပြီးဖြစ်၍ ဆက်လက်ငွေကြေးကုန်ကျမခံတော့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ထိုဖြစ်ရပ်ကို အကြောင်းပြု၍ အသံလွှင့်ဌာနအသီးသီးသည် ၎င်းတို့ဦးတည်ရည်မှန်းထားသော တစ်စုံတစ်ခုသော အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်နေကြခြင်း ဖြစ်ပေသည်။

ရေဒီယိုသမားတစ်ဦးအနေဖြင့် အနောက်နိုင်ငံအသံလွှင့်ဌာနအသီးသီး၏ ရည်မှန်းချက်ကို အခြားသော အသံလွှင့်ဌာနများနှင့် နှိုင်းယှဉ်နားထောင်ရာမှ ပိုမိုသိရှိလာခဲ့ရပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ကြီးကျယ်ထင်ရှားသော အရေးကြီးသည့် ပြောင်းလဲမှုများဖြစ်ပေါ်သည့်အခါ အပေါ်စီးလွှမ်းမိုးချင်သော ၎င်းတို့၏ သဘောထားမှာ ပိုမိုထင်ရှားပေါ်လွင်လာပေသည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမူများချမှတ်ရေး ဆွေးနွေးတိုင်ပင်ကြရန် ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံအား အစဉ်တစိုက် မလိုတမာဆန့်ကျင်ထုတ်လွှင့်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုသည့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကိုလည်း နည်းအမျိုးမျိုးဖြင့် ကဖျက်ယဖျက် ဆန့်ကျင်ထုတ်လွှင့်ခဲ့ပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား မြန်မာပြည်သူတစ်ရပ်လုံးက ကန့်ကွက်ဆန္ဒမဲပေးစေရန် အစီအစဉ်အမျိုးမျိုးဖြင့် နောက်ဆုံးအချိန်ထိ သဲကြီးမဲကြီးထုတ်လွှင့်ခဲ့ပေသည်။

ယင်းအသံလွှင့်ဌာနများက မြန်မာပြည်သူတို့၏ ဆန္ဒသဘောထားအပေါ် လွှမ်းမိုးခြယ်လှယ်ရန် မည်သို့ပင် ငွေကုန်သံပြာထုတ်လွှင့်ခဲ့သော်လည်း ၉၂ဒသမ၄၈ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက မြန်မာပြည်သူတို့သည် ပြောတိုင်းယုံတတ်သူများမဟုတ်ကြောင်း လက်တွေ့ ဖော်ထုတ်ပြသခဲ့ပြီးဖြစ်ပေသည်။ ၎င်းတို့၏ မီဒီယာများက ၎င်းတို့ရည်မှန်းထားသည့်အတိုင်း လက်တွေ့ဖြစ်မလာခြင်းကြောင့် အသံလွှင့်ချိန်များကို အပြိုင်အဆိုင် တိုးချဲ့ထုတ်လွှင့်လာကြသည်မှာ ထင်ရှားသော သာဓကတစ်ရပ်ဖြစ်ပေသည်။ မြန်မာပြည်သူတို့သည် **“လူထုဆက်သွယ်ရေးပစ္စည်းများ၏ ထုတ်လုပ်ထုတ်လွှင့်ချက်များကို ဆင်ခြင်စဉ်းစားဉာဏ်ဖြင့် ချင့်ချိန်ပြီးမှ လက်ခံယုံကြည်တတ်သူများဖြစ်ကြောင်း၊ ပြောတိုင်း မယုံတတ်သူများဖြစ်ကြောင်း”** သိဖို့အချိန်တန်ပါပြီ။ ။

ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များပါဝင်သော အဖွဲ့(၃) လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာ၌ ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ၌ မိုးပိုလာနိုင်



ရန်ကုန် ဇွန် ၂၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအင်းအထိ မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ ပဲခူးတိုင်းတွင် ဒေသအလိုက်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၅ဒသမ ၃၉လက်မ၊ မောင်တောမြို့တွင် ၄ဒသမ၁၇လက်မ၊ ရွှေကျင်မြို့တွင် ၃ဒသမ ၃၁လက်မ၊ ဇောင်းတူမြို့တွင် ၃ဒသမ၂၇လက်မ၊ ခန္တီးမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ဒသမ၈၀လက်မစီ၊ မင်းကင်းမြို့တွင် ၂ဒသမ၇၆လက်မ၊ ဂွမြို့တွင် ၂ဒသမ၇၂ လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၂၈ လက်မနှင့် ဗန်းမော်မြို့တွင် ၁ဒသမ၇၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအများအားဖြင့် အားအသင့်အတင့်ရှိနေသည်။

ဇွန် ၂၃ ရက်နေ့ ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေး တိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ။ ။မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၂၁-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၂ ဒီဂရီဖာရင်ဟိုက်) ၂၂-၆-၂၀၀၈

၀၉း၃၀ နာရီ စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၂၂-၆-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ဒသမ၉ နာရီခန့် ၂၁-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ မင်္ဂလာဒုံ ကမ္ဘာအေး ရန်ကုန်မြို့လယ်

၂၂-၆-၂၀၀၈ Tr မရှိပါ မရှိပါ

၁-၁-၂၀၀၈ မှ ယနေ့အထိ

၉၆၄ မမ(၃၇ဒသမ၉၅လက်မ) ၁၁၉၇မမ (၄၇ ဒသမ ၁၂ လက်မ)

၁၄၆၄ မမ(၅၇ ဒသမ ၆၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၁-၆-၂၀၀၈ ရက် ၆း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၅)မိုင်နှုန်း တိုက်ခတ်သည်။

တူရကီ၌ ပီကေကေသူပုန်နှစ်ဦးသေဆုံး

အင်ကာရာ ဇွန် ၂၂

တူရကီနိုင်ငံအရှေ့ပိုင်း ကာတက်ခ်မြို့တွင်ဇွန် ၂၀ရက်ကပီကေကေသူပုန်များနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များတိုက်ခိုက်မှုဖြစ်ပွားရာသူပုန်နှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

လွန်ခဲ့သည့်လအနည်းငယ်အတွင်းက တူရကီ-အီရတ်နယ်စပ်ဒေသရှိ ပီကေကေစခန်းများကိုတူရကီစစ်ဘက်ကဗုံးများ၊ အမြောက်များဖြင့် ပုံမှန်တိုက်ခိုက်ခဲ့သည်။ ဖေဖော်ဝါရီလအတွင်းက အီရတ်နိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်၍ ပီကေကေစခန်းများကို နှစ်ရက်ကြာ တိုက်ခိုက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့အရှေ့တောင်ဘက် ၁၈၅ မိုင်ရှိ အမ်မရာမြို့တွင် အီရတ်ရဲတပ်ဖွဲ့များက လူနှင့်ယာဉ်များကို ဇွန်၂၀ရက်က ရှာဖွေစစ်ဆေးနေစဉ်။

(အင်တာနက်)

ဟောလိဝုဒ်အကျော်အမော်များ အိုဘားမားကို ထောက်ခံ

လော့စ်အိန်ဂျလိစ် ဇွန် ၂၁

ဒီမိုကရက်တစ် ဟီလာရီကလင်တန်အား ထောက်ခံခဲ့ကြသော ဟောလိဝုဒ်မှ ထင်ပေါ်ကျော်ကြားသူများသည် ဘာရက်အိုဘားမားကို ထောက်ခံလျက်ရှိကြပြီး အိုဘားမား အမေရိကန်သမ္မတဖြစ်ရေးကြိုးပမ်းမှုကို ငွေအားဖြင့်လည်းကောင်း၊ ကျော်ကြားမှုအရှိန်အဝါဖြင့် လည်းကောင်း ကူညီအားပေးရန် ကတိကဝတ်ပြုကြသည်။

လွန်ခဲ့သည့်လက အကြိတ်အနယ်ယှဉ်ပြိုင်ကြသောဒီမိုကရက်ပါတီသမ္မတလောင်းရွေးပွဲတွင်ကလင်တန်ကလက်လျှော့သွားပြီးနောက် ရုပ်ရှင်လောကမှ အကျော်အမော်များသည် အိုဘားမားအား လျင်မြန်စွာ ပြောင်းလဲထောက်ခံလာကြကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အကျိုးကျေးဇူးအနေဖြင့် အီလီနွိုက်စ်အထက်လွှတ်တော်အမတ်သည် စည်းရုံးရေးအတွက် ရန်ပုံငွေများပြားစွာရရှိနိုင်မည်ဖြစ်ပြီး ထိုကျော်ကြားသူများ၏ ထောက်ခံမှုသည် သမ္မတဖြစ်ရန် ထောက်ခံမဲများ ရရှိလိမ့်မည်ဟု တိုက်ရိုက်ယူဆ၍ မရနိုင်ကြောင်း အဆိုပါကျွမ်းကျင်သူများကပြောကြားသည်။

ကယ်လီဖိုးနီးယား တောင်ပိုင်းတက္ကသိုလ်မှ ထိပ်တန်းပညာရှင် ရှာရီဘီဘစ်ဂျက်ဖီက နိုင်ငံရေးသမား တစ်ယောက်သည် ထင်ပေါ်ကျော်ကြားလူသိများရမည်။ မဲပေးသူများသည် ကျော်ကြားသူတို့၏ ထောက်ခံမှုကို ဂရုမစိုက်ဘဲ သူတို့ကိုယ်တိုင် သမ္မတလောင်းကိုသိ၍ သုံးသပ်လေ့လာပြီးမှ သူတို့ ကြိုက်နှစ်သက်သော အနေအထားရှိသူကိုသာ ရှာဖွေကြကြောင်း ပြောဆိုသည်။

လော့စ်အိန်ဂျလိစ်မြို့သည် ရုပ်ရှင်လောကမှ ကျော်ကြားသူများသာ ငွေသုံးနိုင်သော မြို့ဖြစ်သည်။ အင်္ဂါနေ့တွင် အဆိုတော် ဘီးလ်၏ ရန်ပုံငွေရှာဖွေပွဲတွင် ရုပ်ရှင်နယ်မှ အကျော်အမော် အများအပြား စုရုံးရောက်ရှိကြမည်ဟု မျှော်လင့်ရသည်။ ယင်းပွဲတွင် ဝင်ခွင့်လက်မှတ်တစ်စောင် အမေရိကန်ဒေါ်လာ ၂၃၀၀ ပေးဝယ်ရသည်။

အမ်အင်အေ၊ရိုက်တာ။

တိုက်လေယာဉ်အပိုပစ္စည်းများ မလေးရှားသို့ တရားမဝင်တင်ပို့မှု အပြစ်ရှိကြောင်း ပါကစ္စတန်နိုင်ငံသားတစ်ဦး ဝန်ခံ

နယူးယောက် ဇွန် ၂၂

ပါကစ္စတန်နိုင်ငံသား တစ်ဦးသည် အက်ဖ်-၅နှင့် အက်ဖ်-၁၄ တိုက်လေယာဉ်၏ အပိုပစ္စည်းများကိုမလေးရှားနိုင်ငံသို့ တရားမဝင်တင်ပို့ခဲ့ရာ အပြစ်ရှိကြောင်း ကြာသပတေးနေ့က ဝန်ခံလိုက်သည်။ အစိုးရ ရှေ့နေများက အဆိုပါ ပစ္စည်းများသည် အီရန်နိုင်ငံသို့ ရောက်ရှိသွားဖွယ်ရှိသည်ဟု ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်၊ လောင်းအိုင်းလင်း၌ နေထိုင်သူ ပါကစ္စတန်နိုင်ငံသား အသက် ၆၀ နှစ်ရှိဂျာလာနီဟူမာယန်သည်လက်နက်များကို တရားမဝင် တင်ပို့ခြင်းနှင့် ငွေမည်းများကိုခဝါချခြင်းတွင်ပူးပေါင်းကြံစည်ခဲ့၍အပြစ်ရှိကြောင်းမန်ဟက်တန်ရှိ ခရိုင်တရားရုံးတစ်ရုံးတွင် ဝန်ခံသည်။

ထိုစွပ်စွဲချက်သည်အများဆုံးထောင်ဒဏ်အနှစ် ၃၀ ကျနိုင်ပြီး ငွေဒဏ်အမေရိကန်ဒေါ်လာတစ်သန်း ချမှတ်နိုင်သည်။ သို့သော် ဟူမာယန်သည် ထိုအမှုတွင် အစိုးရရှေ့နေများနှင့် အပြည့်အဝ ပူးပေါင်းသဖြင့် အပြန်အလှန်အရ ပြစ်ဒဏ်များကိုလျှော့ပေါ့ခံစားရဖွယ်ရှိသည်။

ဟူမာယန်သည် ၂၀၀၃ ခုနှစ်က မလေးရှားနိုင်ငံသို့စစ်လက်နက်ပစ္စည်းများတင်ပို့ရန်ခွင့်ပြုမိန့်ရရှိရေးကြိုးစားရာ၌မအောင်မြင်ခဲ့ကြောင်းရှေ့နေများကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ဟေလုံကျန်းပြည်နယ် မြို့တော်ဟာဘင်ရှိ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ လေတပ် လေကြောင်းတက္ကသိုလ်တွင် သင်တန်း တက်ရောက်နေသည့်အမျိုးသမီးလေယာဉ်မှူးနှစ်ဦးကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လာအိုနိုင်ငံသည် စီးပွားရေးတည်ငြိမ်ရန် ကြိုးစားနေ

ဟန္နိုင်း ဇွန် ၂၁

ကမ္ဘာ့စီးပွားရေးသည် အခက်အခဲများနှင့် ကြုံတွေ့နေရသော်လည်း လာအိုနိုင်ငံသည် ၎င်း၏ စီးပွားရေး တည်ငြိမ်နေရန်၊ ကုန်ထုတ်လုပ်မှု တိုးတက်စေရန်၊လျှပ်စစ်ဓာတ်အားကို ဆက်လက်တိုးချဲ့သုံးစွဲရန်နှင့် ဓာတ်ဆီဈေးနှုန်းအား သင့်လျော်သောဈေးနှုန်းတွင်ရှိနေရန် ကြိုးစားလျက်ရှိကြောင်း ဗီယင်တိမ်းတိုင်း(မ်) သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ကိုးကား

လာအိုအစိုးရသည် ယခုနှစ်အတွင်း စီးပွားရေး တိုးတက်မှု ၈ ရာခိုင်နှုန်းရရှိရန် ကြိုးပမ်းနေကြောင်း လာအိုဝန်ကြီးချုပ်၏ ပြောကြားချက်ကို ကိုးကား၍ ၎င်းသတင်းစာက ရေးသားသည်။

တည်ငြိမ်စေမည်

အုပ်ချုပ်ရေးစနစ် တိုးတက်ကောင်းမွန်ခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ရေး တွန်းအားပေးသည့် မူဝါဒများ ချမှတ်ခြင်းနှင့် အလတ်တန်းစားနှင့်အသေးစားလုပ်ငန်းရှင်များ ချေးငွေလွယ်ကူစွာ ရရှိစေရန် စီစဉ်ပေးခြင်းတို့ဖြင့်အစိုးရက စီးပွားရေးကို ဆက်လက် တည်ငြိမ်စေမည် ဖြစ်သည်။

လာအိုနိုင်ငံသည် ဆည်မြောင်းများကဲ့သို့သော အခြေခံအဆောက်အအုံများကို တိုးတက်တည်ဆောက်မည်ဖြစ်သည်။ စားသောက်ကုန်များ ထုတ်လုပ်မှု တိုးမြှင့်စေမည်ဖြစ်သည်။ ရိက္ခာဖူလုံစေရေးအတွက် ဆန်ဘဏ်တစ်ခု ထူထောင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တွင်အသေခံဗုံးခွဲ ၁၀ ဦး သေဆုံး

ကဘူး ဇွန် ၂၁

အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန်ပြည်နယ်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)၏ မော်တော်ယာဉ် တစ်စီးအနီး၌ သောကြာနေ့ နံနက်ပိုင်းက တာလီဘန် တိုက်ခိုက်ရေးသမားတစ်ဦးသည် အသေခံဗုံးခွဲရာ အနည်းဆုံး အရပ်သား ၁၀ ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရောက်လာ

ဟဲလ်မန်ပြည်နယ် ဂျီရီရှက်ခရိုင်ရှိ ဈေးတစ်ဈေး၏အပြင်ဘက်တွင်နေတိုးကင်းလှည့်ကားတစ်စီး ရပ်ထားရာ အနီးသို့ နံနက် ၉ နာရီ အချိန်တွင် အသေခံဗုံးခွဲရေးသမား တစ်ဦးက ရုတ်တရက် ရောက်လာပြီး ဗုံးခွဲခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်ရဲအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ အရပ်သား ၁၀ ဦးခန့် သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း၊ နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ တစ်ဦးမျှ ထိခိုက်ဒဏ်ရာ မရရှိကြောင်း ၎င်းရဲအရာရှိက ပြောကြားသည်။

ထိုတိုက်ခိုက်မှုအပေါ် တာဝန်ရှိကြောင်း တစ်ဦးတစ်ဖွဲ့ကမျှ ကြေညာခြင်းမရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းနိုင်ငံ ယာလာပြည်နယ်၌ စစ်ဘက်လေယာဉ် ပျက်ကျ၊ ၁၀ဦး သေဆုံး

ဗန်ကောက် ဇွန် ၂၁

ထိုင်းနိုင်ငံ တောတွင်းတစ်နေရာတွင် ဇွန် ၂၀ ရက်က ထိုင်းစစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်ပေါ်ပါ ၁၀ ဦးစလုံး သေဆုံးခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။ ယင်းလေယာဉ်ပေါ်တွင် ဥပဒေကျွမ်းကျင် ပညာရှင်ခြောက်ဦး၊ လေယာဉ်မှူးနှစ်ဦး၊ စက်ပြင်နှစ်ဦးတို့လိုက်ပါလာသည်။ အင်ဂျင်ပိုင်းချို့ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ရန် ကြိုးစားစဉ် သစ်ပင်နှင့် တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတောင်ဘက်အစွန်ရှိ ယာလာပြည်နယ်တွင် ဇွန် ၂၀ရက် စောစောပိုင်းက သူပုန်များနှင့်လုံခြုံရေးတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားသည့်နေရာသို့ ဥပဒေကျွမ်းကျင်သူများအား ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်လာစဉ် ပျက်ကျခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တောင်ကိုရီးယား နိုင်ငံ ဆိုးလ်မြို့တွင် အမေရိကန်နိုင်ငံမှအမဲသားတင်သွင်းမှုနှင့် ပတ်သက်၍ ပြည်သူ အများအပြား ကန့်ကွက်ဆန္ဒပြနေကြသည်ကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံတွင် ဖန်ရှန်းအမည်ရှိ တိုက်ဖုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပွားရာ မနီလာမြို့ရှိ လမ်းများ ရေလွှမ်းနေ သည်ကို ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သဖြင့် တိရစ္ဆာန်ရုံမှ မိကျောင်းများ လွတ်မြောက်

ဘူဘင်န်ဆွာ (အိန္ဒိယ) ဇွန် ၂၂

အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ပြည်သူသန်းနဲ့ချီ၍ ရေဘေးဒုက္ခခံစားရလျက်ရှိပြီး ၎င်းတို့မှာ သစ်ပင်များပေါ်သို့ တက်ရောက်နေထိုင်နေရကြောင်း ရိုက်တာသတင်းအရသိရှိရသည်။

နိုင်ငံ၏အရှေ့ပိုင်းနှင့်အရှေ့မြောက်ပိုင်းတို့တွင် သောကြာနေ့က မြစ်ရေများလျှံတက်လာသဖြင့် ရေကာတာများ ကျိုးပေါက်ကာ ၁၀ရက်အတွင်း ပြည်သူအနည်းဆုံး ၅၀ သေဆုံးခဲ့ရကာ လူသုံးသန်းထက်မနည်း ရေဘေးဒုက္ခခံစားရလျက်ရှိသည်။

လှိုင်းလုံးများ ရိုက်ခတ်သဖြင့် နေအိမ်များပျက်စီးပြီး လူများမှာလည်းသစ်ပင်များထက်သို့တက်ရောက်နေထိုင်ရကာ ကယ်ဆယ်ရေးအဖွဲ့များကိုမျှော်နေကြသောရေဘေးဒုက္ခသည်ရာပေါင်းများစွာတို့ထံ အစားအစာများကို ရဟတ်ယာဉ်များပေါ်မှ ပစ်ချပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂျန်ရှိပူရာပြည်နယ်၏ မြို့အရှေ့ဘက်တွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမိုးခဲ့သဖြင့် တိရစ္ဆာန်ရုံတစ်ခုမှ မိကျောင်းခေါင်းတို သုံးကောင်နှင့် မိကျောင်း တစ်ကောင် လွတ်မြောက်သွားခဲ့ကြောင်း အဆိုပါဒေသမှ တာဝန်ရှိသူများက ပြောကြားသည်။နောက်ပိုင်းတွင် မိကျောင်းတစ်ကောင်ကို ပြန်လည်ဖမ်းမိသော်လည်း မိကျောင်းခေါင်းတိုများမှာမူ လွတ်မြောက်နေဆဲဖြစ်သဖြင့် ပြည်သူများအတွက် အန္တရာယ်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဂျာဟာကန်ပြည်နယ် အရှေ့ပိုင်းရှိ ကျောက်မီးသွေး ထုတ်လုပ်ရေးလုပ်ငန်းများအား ၅၀ရာခိုင်နှုန်းထက်မနည်း ထိခိုက်ပျက်စီးစေခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်၌ ခရီးသည်တင်သင်္ဘောနစ်မြုပ် လူ ၇၀၀ ကျော်ပျောက်ဆုံးနေ

မနီလာ ဇွန် ၂၁

လူဦးရေ ၇၀၀ ကျော်တင်ဆောင်လာသောဖိလစ်ပိုင်ခရီးသည် ပို့ဆောင်ရေး သင်္ဘောတစ်စင်းသည် မုန်တိုင်းတိုက်ခတ်စဉ်အတွင်း နစ်မြုပ်သွားခဲ့ရာ အသက်ရှင် ကျန်ရစ်သူများကို တနင်္ဂနွေနေ့က ရှာဖွေလျက်ရှိသည်။

ခရီးသည် ၆၂၆ ဦးမှ အများစုနှင့် သင်္ဘောသား ၁၂၁ဦးတို့မှာပျောက်ဆုံးလျက်ရှိသည်။

သင်္ဘောပိုင်ရှင်ဆူလ်ပီယိုစီလိုင်း(စ်)က မနီလာမှ စီဘူးသို့ ထွက်ခွာလာသော သင်္ဘောနှင့် စနေနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အဆက်အသွယ်ပြတ်တောက်သွားသည်ဟု ပြောသည်။

စီဘူးယန်ကျွန်းမှ သုံးကီလို မီတာ(နှစ်မိုင်)အကွာရှိ အမ်ဗွီပရင်ခက်အော့ဖ်စတားသင်္ဘော နစ်မြုပ်ရာနေရာသို့ ကမ်းခြေစောင့် တပ်ဖွဲ့များ ရောက်ရှိခဲ့သည်။ စနေနေ့က ကနဦးကယ်ဆယ်ရေးလုပ်ငန်းများမှာလှိုင်းကြီးသဖြင့် လုပ်ငန်းများမတွင်ကျယ်ဘဲ ဖြစ်ခဲ့ရသည်။

အင်တာနက်။

ဟန်ဂေရီ၌ စစ်လေယာဉ်ပျက်ကျ လေယာဉ်မှူး နှစ်ဦး သေဆုံး

ဘူဒါပက် ဇွန် ၂၁

ဟန်ဂေရီနိုင်ငံ အရှေ့ပိုင်းရှိ လေဆိပ်တစ်ခုအနီး၌ ဇွန် ၂၀ ရက်က ဟန်ဂေရီလေတပ်မှ အယ်လ်-၃၉အယ်ဘတ်ထရို့စ်လေ့ကျင့်ရေးတိုက်လေယာဉ်တစ်စင်းပျက်ကျရာ လေယာဉ်မှူးနှစ်ဦးစလုံး သေဆုံးကြောင်း ဟန်ဂေရီကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗိုလ်ဗိုလ်တန်အိုင်ဂနက်ဇ် ၃၁ နှစ်နှင့် ၎င်း၏နည်းပြ ဒုတိယ ဗိုလ်မှူးကြီး အင်ဒရပ်စ်ဂျာနစ်ဆက် ၄၇ နှစ်တို့သည် ချက်နိုင်ငံလုပ် တိုက်လေယာဉ်ဖြင့် လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ဂျာနစ်ဆက်သည် ကနေဒါနိုင်ငံ၌ လေယာဉ်မှူးနည်းပြတစ်ဦးဖြစ်ပြီး ပျံသန်းချိန် နာရီ ၁၀၀၀ ခန့် မောင်းနှင်ခဲ့သူဖြစ်သည်။ အိုင်ဂနက်ဇ်သည် ကနေဒါနိုင်ငံ လေယာဉ်မှူးတစ်ဦးဖြစ်ပြီး အမ်အိုင်ဂျီ-၂၉ မောင်းနှင်ရန် လေ့ကျင့်သင်ကြားနေသူဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော် အပြင်ဘက်၌ ကန့်ကွက်ဆန္ဒပြသူ တစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက တားဆီးနေသည်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ၌ သေကြောင်းကြံစည်မှု များပြား ၂၀၀၇ခုနှစ်အတွင်း သုံးသောင်းကျော်ဖြစ်ပွား

တိုကျို ဇွန် ၂၀

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် သေကြောင်းကြံစည်မှုနှုန်း အမြင့်ဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်နေသည့် အခြေအနေမှ လျော့နည်းစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ဆယ်ကြိမ်မြောက်နှစ်တွင် အမြင့်ဆုံးအဆင့်အဖြစ် ဆက်လက်ရှိနေပြီး လူပေါင်း သုံးသောင်းခန့် မိမိကိုယ်ကို သေကြောင်း ကြံစည်ခဲ့ကြကြောင်း ပြည်သူ သုံးသောင်းသုံးထောင်ကျော်တို့က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၀၇ ခုနှစ်အတွင်း လူပေါင်း ၃၃၀၉၃ ခန့် မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့ကြပြီး အများစုသည် ကြွေးမြီကိစ္စများ၊ မိသားစုပြဿနာများ၊ စိတ်ဓာတ်ကျဆင်းသည့် ရောဂါများနှင့်အခြားကျန်းမာရေးပြဿနာများကြောင့်ဖြစ်ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော ရဲတပ်ဖွဲ့၏ စစ်တမ်းများတွင် ပါရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗီယက်နမ်တွင် အမျိုးသမီးခေါင်းဆောင်သည့် လောင်းကစားဝိုင်း ဖမ်းဆီးရမိ

ဟနွိုင်း ဇွန် ၂၁

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တောင်ပိုင်း၌ နေထိုင်သူ အသက် ၅၀နှစ်ရှိ အမျိုးသမီးခေါင်းဆောင်သော ၁၁ ဦး ပါဝင်သည့် ထီနှင့်ဘောလုံးလောင်းကစားဝိုင်းတစ်ခုကို ဗီယက်နမ် ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။ လောင်းကစားဝိုင်းခေါင်းဆောင် ငုယင်သီကင်ဟန်ကို ယူရို ၂၀၀၈ ဘောလုံးကစားပွဲရလဒ်များကို အခြေခံသည့် ဥပဒေမဲ့လောင်းကစားပစ္စည်းများနှင့် ထီ လောင်းကစားပစ္စည်းများနှင့်အတူ ဗုဒ္ဓဟူးနေ့တွင် လက်ပူးလက်ကြပ်ဖမ်းမိခဲ့ခြင်းဖြစ်သည်။

အဆိုပါ လောင်းကစားဝိုင်းသည် ယခုနှစ်အစောပိုင်းကတည်းက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ဖွယ်ရှိပြီး တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ငါးသောင်းဝန်းကျင်ခန့်ရရှိနိုင်ကြောင်း သတင်းစာတွင် ခန့်မှန်းဖော်ပြခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် လောင်းကစားမှုတိုင်းအား ဥပဒေနှင့် အညီအရေးယူလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တောင်ဘက်ရှိ ကန်ဒါဟာပြည်နယ် အာဂန်ဒတ်ခရိုင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် အာဖဂန်တပ်ဖွဲ့များနှင့် နိုင်ငံစုံ တပ်ဖွဲ့ဝင်များအား ဇွန် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပီကာဆို၏ ပန်းချီကား ဩစတြေးလျ၌ လေလံစံချိန်ချိုး

ဆစ်ဒနီ ဇွန် ၂၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ လေလံပွဲတစ်ခုတွင် ပတ်ဗလိုပီကာဆို ရေးဆွဲသော ပုံတူပန်းချီ တစ်ကားကို ဩစတြေးလျ ဒေါ်လာ ၆ ဒသမ ၉သန်း (အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်း)ဖြင့် ရောင်းချခြင်းဖြင့် လေလံစံချိန်ချိုးလိုက်သည်။

အနီရောင်၊ အဝါရောင်၊ အစိမ်းရောင်စည်းကြိုးလေးများ၏ အလယ်မှနောင် အခါတွင် အောင်မြင်သော ပန်းချီဆရာဖြစ်လာမည့် ဇက်တီဒေးဗစ်၏ မြင်းမြီးဆံပင်လေးနှင့် ငယ်ရွယ်သော မျက်နှာပုံကို ၁၉၅၄ခုနှစ်တွင် ပီကာဆိုက ရေးဆွဲခဲ့ပြီး ဇက်တီဟု အမည်ပေးခဲ့သည်။

ယခင်က ဩစတြေးလျပန်းချီဆရာ ဘရက်ဝစ်တလေရေးဆွဲသော ပန်းချီကားက ဩစတြေးလျ ဒေါ်လာ ၃ ဒသမ ၈ သန်းဖြင့် လေလံစံချိန်တင်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၀၈ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါစိတ်ကြိုက် ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများဖြစ်ရမည်-

(၁) **တပ်မတော်ဆေးတက္ကသိုလ်**။ ရူပဗေဒ၊ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်**။ ရူပဗေဒနှင့်ဓာတုဗေဒဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၈ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာတပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါနေ့ရက်များ အတိုင်းစတင် ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်ရက်** (၂၂-၈-၂၀၀၈)

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်ရက်** (၂၃-၈-၂၀၀၈)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက် ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဝန်ကြီးဌာန

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၀၈ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒနှင့်ဓာတုဗေဒ ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၈ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၀၈ ခုနှစ်၊ဩဂုတ်လ (၂၄)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။